# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၄)၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်နေ့၊ ၂-၁-၂၀၂၆၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲနှင့် လွန်ဆွဲ(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများ ဆက်လက်ကျင်းပ



(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြစဉ်။

နေပြည်တော် ဇန်နဝါရီ ၁

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များနှင့် လွန်ဆွဲ(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၇ နာရီမှ စတင်ကာ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃) နှင့် (၄)တို့၌ ကျင်းပသည်။

### ကြည့်ရှုအားပေး

ပြိုင်ပွဲ ပွဲစဉ်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် အားကစားဝါသနာရှင်များ လာရောက် ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ သို့ ○

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


ငါးကြီးဆီ သောက်သုံးခြင်းက ကျောက်ကပ်ဆေးနေရသူများအတွက် အထူးအကျိုးအာနိသင်ရှိ။ စာမျက်နှာ ၇

စာစာအိပ်လို့ စာစာထလို့ စာစာလမ်းလျှောက်ကြပါစို့။ (ဆောင်းပါး) စာမျက်နှာ ၁၄

ပဟိုဘဏ်များ အတိုးနှုန်းလျှော့ကာ အဒေါင်နည်းပညာတိုးတက်လာသဖြင့် အရောင်းအဝယ်နည်းပါးကာ စတော့ရှယ်ယာဈေးကွက်အများစု ကျဆင်းခဲ့။ စာမျက်နှာ ၈

၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီ ၂ ရက် ၊ သောကြာနေ့ ။

မန္တလေး

## ထူးခြားသည့် ပြာသိုလနှင့် အမေများနေ့

ပြာသိုလသည် မြန်မာလများတွင် ဆယ်လမြောက်သောလဖြစ်ပြီး ထူးခြားသောလလည်းဖြစ်သည်။ ပြာသိုလမှာ မြန်မာ့သမိုင်းအတွက် ထူးခြားမှုအပေါင်းသရဖူဆောင်းသောလလည်းဖြစ်သည်။ သူ့ကျွန်မခံလိုသော မြန်မာများသည် လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းခဲ့ကြသည်။ မြန်မာတို့၏ သူရသတ္တိနှင့်ဇွဲ၊ လုံ့လတို့ကြောင့် ကိုလိုနီခေတ် သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ကြသည်။ လွတ်လပ်ရေးစတင်ရရှိခဲ့သောနေ့မှ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက်နေ့ပင်ဖြစ်သည်။ ပြာသိုလသည် မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ထိုက်သောလဟုပင်ဆိုနိုင်ပါသည်။ ထို့ပြင်ပြာသိုလပြည့်နေ့ကို အမေများနေ့ဟု သတ်မှတ်ပြီး မြန်မာနိုင်ငံ၏ နေရာအနှံ့တွင် ကျင်းပကြသောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အမေများနေ့ကို ဆရာကြီးဦးသုခက စတင်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အမေများနေ့အဖြစ်သတ်မှတ်ရာ၌ အမျိုးသားစာဆို စာရေးဆရာကြီး ဦးသော်ဇင်၊ စာရေးဆရာကြီး ဒဂုန်ဦးစန်းငွေ၊ စာရေးဆရာကြီး ဦးရန်အောင်၊ စာရေးဆရာကြီး တက်တိုး၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၊ စာရေးဆရာမကြီး ဒေါ်စောမုံညင်း၊ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ် စသည့်စာပေပညာရှင်များက ဆရာကြီး ဦးသုခနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ပြာသိုလပြည့်နေ့တိုင်းကို အမေနေ့အဖြစ် ကျင်းပနိုင်ရန် စာပေပညာရှင်များက ကြိုးစားနေစဉ် ၁၉၉၅ ခုနှစ်တွင် မန္တလေးမှ အမေမြတ်နိုးသူများက ဆရာကြီးဦးသုခကို အမေများနေ့သတ်မှတ်ပေးရန် ပူဆာတိုက်တွန်းခဲ့ခြင်းကြောင့် မန္တလေးမြို့တွင် ဆရာကြီး ဦးသုခကိုယ်တိုင် ဟောပြောကာ ပြာသိုလပြည့်နေ့ကို အမေများနေ့ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အမေများနေ့ကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်ရှိ နိုင်ငံများမှလည်း ကျင်းပကြသည်။ ကမ္ဘာ့မိခင်နိုင်ငံများ ဖြစ်ပေါ်လာပုံမှာ စာရေးဆရာမ၊ ကထိက၊ လူမှုရေးပြုပြင်သမားဖြစ်သူ မစ္စဂျူလီယာသည် ဘော်စတွန်မြို့ရှိ သူမ၏နေအိမ်၌ မိခင်များနေ့ကို ၁၈၇၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့မိခင်များနေ့ကို မေလ၏ ဒုတိယတနင်္ဂနွေနေ့တိုင်း ကျင်းပလေ့ရှိသည်။ ဤကမ္ဘာပေါ်တွင် အမေ့ကျေးဇူးနှင့် ကင်းနိုင်သူမရှိပါ။ မိခင်များ၏ကျေးဇူးသည်လည်း ဆပ်၍မကုန်သော အနန္တပင်ဖြစ်သည်။ မိခင်များ၏ အလှဆုံးအချိန်မှာ သားသမီးကိုနို့ချိုတိုက်ကျွေးပြီး တစိမ့်စိမ့်ကြည့်နေသောအချိန်ဖြစ်သည်။ မိခင်များသည် ရင်သွေးငယ်တစ်ဦးက ကလလရည်ကြည် ပဋိသန္ဓေတည်ပြီဆိုကတည်းက မမြင်ရသေးသည့် သားသမီးအပေါ် မေတ္တာစိတ်များ စတင်ကာတဖွားဖွားဖြစ်ပေါ်လျက်ရှိသည်။ ရင်သွေးကို ထိခိုက်မည်စိုး၍ သူတို့ကြိုက်နှစ်သက်သော ပူ၊ ငန်၊ စပ်၊ ခါး မှန်သမျှကို ရှောင်ကြဉ်သကဲ့သို့ အသွားအလာအနေအထိုင်အားလုံးကိုလည်း ဆင်ခြင်ခဲ့ကြသူများဖြစ်သည်။ အမေများသည် သူတို့၏အလှအပကို ပျက်စီးလျှင်ပျက်စီးပါစေ ရင်သွေးငယ်များကို မိခင်နို့တိုက်ရမှသာ ကျေနပ်ကြသူများလည်းဖြစ်သည်။ နို့ရည်ဆိုသည်မှာလည်း မိခင်များ၏ကြီးမားသောမေတ္တာများကြောင့် အနီရောင်သွေးစစ်စစ်မှ အာဟာရပြည့်ဝသော အဖြူရောင်နို့ရည်ကြည်အဖြစ် ပြောင်းလဲသွားခြင်းဖြစ်သည်။ သို့ဖြစ်ရာ ထူးခြားသည့်ပြာသိုလနှင့် အမေများနေ့မှစတင်ကာ လူသားတိုင်း မွေးမိခင်၊ မွေးဖခင်များအပေါ် ကျေးဇူးဆပ်နိုင်အောင် တတ်နိုင်သမျှ ကြိုးစားရမည်ဖြစ်သည်။ အမေများ၏မေတ္တာသည် ဘယ်လောက် တိုင်းတာတိုင်းတာ၊ ဘယ်လိုနှိုင်းဆနှိုင်းဆ၊ ဘယ်လောက် ပေးဆပ်ပေးဆပ် မကျေနိုင်သောစုန်ရေမေတ္တာရှင်များဖြစ်သည်ဟု တင်ပြရင်း ကမ္ဘာပေါ်ရှိအမေများအားလုံးကို ဦးညွှတ်ဂါရဝပြုရေးသားလိုက်ရပေသည်။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ကြက်သွန်နီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကျီးပြကျေးရွာ၌ စိုက်ပျိုးထားသည့် ကြက်သွန်နီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီ တစ်ဧက စိုက်ပျိုးမည်ဆိုပါက မျိုးစေ့နှစ်ပြည် ပျိုးထောင်စိုက်ပျိုးရကြောင်း၊ ပျိုးသက်နှချိန်တွင် ပြောင်းရွှေ့စိုက်ပျိုးရပြီး ကုန်ကျစရိတ်အနေဖြင့် မျိုးစေ့ဖိုး ခြောက်သောင်းကျပ်၊ စိုက်ပျိုးမြေပြင် ပြုပြင်ခြင်းစရိတ် သုံးသိန်းငါးသောင်းကျပ်၊ ပြောင်းရွှေ့စိုက်ပျိုးစရိတ် နှစ်သိန်းကျပ်၊ မြေဆီမြေဩဇာ ခုနှစ်သိန်းရှစ်သောင်းကျပ်၊ ပိုးနှင်ဆေး၊ ပိုးသတ်ဆေး သုံးသိန်းကျပ်ခန့် ကုန်ကျကြောင်း ကြက်သွန်နီစိုက်တောင်သူ ဦးဇင်သူ ပြောပြ၍ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် ကြက်သွန်နီများကို တိုက်နယ် (၁)၊ တိုက်နယ် (၂)၊ တိုက်နယ် (၆)၊ တိုက်နယ် (၁၀) တို့မှ ကျေးရွာအုပ်စုများ၌ ၂၂၇၅ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

(၄၈၅)

## မဟာအောင်မြေမြို့နယ်၌ ကြိုတင်မဲများ လာရောက်ပေးနိုင်

**မန္တလေး ဇန်နဝါရီ ၁**

မဟာအောင်မြေမြို့နယ်၌ ဇန်နဝါရီ ၁ ရက်မှ ၁၀ ရက်အထိ ကြိုတင်မဲများ လာရောက်ပေးနိုင်ကြောင်းသိရပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဇန်နဝါရီ ၁၁ ရက်တွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွတ်လပ်စွာမဲပေးနိုင်စေရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မဟာအောင်မြေမြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်၍ ဇန်နဝါရီ ၁ ရက်မှ ၁၀ ရက်အထိ မဲရုံတာဝန်ထမ်းဆောင်မည့်သူများ၊ တရားဝင်နိုင်ငံခြားခရီးသွားမည့်သူများ၊ တရားဝင်နိုင်ငံခြားဆေးကုသွားမည့်သူများအား ကြိုတင်မဲများ လာရောက်ပေးနိုင်ကြောင်းနှင့် နာမကျန်းသူ၊ မသန်စွမ်းသူများကို ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ တာဝန်ရှိသူများက အိမ်တိုင်ရာအရောက် ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မဟာအောင်မြေမြို့နယ်၌ အပိုင်း(၂)အဖြစ် ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဟာအောင်မြေမြို့နယ်အတွင်း ၁၈ ရပ်ကွက်တွင် မဲရုံပေါင်း ၇၀ ဖြင့် မဲဆန္ဒရှင်ပြည်သူများအား လုံခြုံစိတ်ချစွာ မဲပေးနိုင်စေရန် ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာရပ်ကွက်စာရေးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစည်သူကျော်မှ လုံခြုံရေးဆိုင်ရာများ တာဝန်ယူဆောင်ရွက်ပြီး ပြည်သူများဖြင့်ပူးပေါင်း၍ အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်စော်မင်း**

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မြစ်သား ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများအား နေ့ထူးနေ့မြတ်များအကြောင်း သိရှိစေရန်နှင့် ဗဟုသုတရရှိစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ၏ လက်ဝယ်အရောက်အခမဲ့ ဖြန့်ဝေပေးခဲ့သည်။



အဆိုပါ သတင်းစကား လက်ကမ်းစာစောင်တွင် ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သော ပြည်သူ့အစည်းအဝေးတွင် ပြောကြားခဲ့သည့် ဗိုလ်ချုပ် အောင်ဆန်း၏ မိန့်ခွန်းမှ ကောက်နုတ်ချက်၊ ၁၅-၁၀-၂၀၁၅ ရက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်၊ ၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် လေးရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအကျဉ်း၊ ကမ္ဘာတည်သရွေ့ စောင့်ရှောက်၊ လွတ်လပ်ရေးဆိုသည်မှာ (ကဗျာ)၊ ကာတွန်းနှင့် ဆောင်ပုဒ်များစသည့် အကြောင်းအရာများ ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

(ဓဲပုံ)

**ဝါဝါမြင့်**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတ ပြည့်ဝကြရန်လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက် ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စက်မှုဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများ၏ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

စက်မှုဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများ၏ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအကြီးအကဲများနှင့် ဝန်ထမ်းများအားလုံး အတူတကွ ရင်းနှီးစွာတွေ့ဆုံခြင်း၊ မိတ်ဆုံစားခြင်းအားဖြင့် အချင်းချင်း အထက်အောက်မခွဲခြားဘဲ ချစ်ခင်ရင်းနှီးမှုကိုရရှိစေပြီး လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ဖိစီးနေသည့် စိတ်တင်းကျပ်မှုများကိုလည်း ပြေလျော့စေမည်ဖြစ်ကြောင်း၊ နှစ်သစ်ကူးချိန်တွင် ဝန်ထမ်းများအနေဖြင့် ကျရာတာဝန်များကို ထမ်းဆောင်ရင်း ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများကို ညီညီညွတ်ညွတ်ဖြင့် ပေါင်းစပ်လုပ်ကိုင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များနှင့် ဌာန၏လုပ်ငန်းတာဝန်များ၊ မိသားစုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများအား ကံစမ်းမဲများ ဖွင့်ဖောက်ပေးအပ်နေမှု အခြေအနေတို့ကို အားပေးကြည့်ရှု၍ ဆုလက်ဆောင်များ ပေးအပ်ပြီး ဝန်ထမ်းများနှင့်အတူတကွ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○ ရှေ့ဖုံးမှ



လေ့ကျင့်ရေးကွင်း အမှတ်(၄)၌ ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၃၉ မှတ် - ၁ မှတ်ဖြင့် လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို အမှတ် ၄၀ - ၂ မှတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို ၁၈ မှတ် - ၄ မှတ်ဖြင့် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို ၃၃ မှတ် - ၃ မှတ်ဖြင့် လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းဝန်ကြီးဌာနအသင်းကို ၁၆ မှတ်ပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

အလားတူ လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းဝန်ကြီးဌာန အသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ထို့နောက် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းကဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက တရားလွှတ်တော်ချုပ်ရုံးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းက အမျိုးသားစီမံကိန်းဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

### ဆက်လက်ယှဉ်ပြိုင်မည်

ဇန်နဝါရီ ၂ ရက် နံနက် ၇ နာရီမှ စတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၄)၌ ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန အသင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့အတူ လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ နံနက် ၈ နာရီမှ စတင်ကာ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် ဥပဒေရေးရာ ဝန်ကြီးဌာနအသင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်း၊ လွန်ဆွဲ(အမျိုးသား) ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန အသင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# သတင်းထုတ်ပြန်ချက်

၃၁-၁၂-၂၀၂၅။

ယခုလက်ရှိ တင်းမာမှုများဖြစ်ပွားနေသည့် ထိုင်ဝမ်ပြဿနာ (Taiwan Question)နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ သဘောထား ရပ်တည်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ပေါ်ပေါက်လာစဉ်ကတည်းက တရုတ်နိုင်ငံ၏ လွတ်လပ်ရေးကို အစောဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်ပြီး တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)အပေါ် အစဉ်တစိုက် ရပ်တည်ထောက်ခံခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်အချင်းချင်း တွေ့ဆုံစဉ်၌လည်း ထပ်လောင်းအတည်ပြုပြီးဖြစ်သည်။ တရုတ်နိုင်ငံ၏ ထိုင်ဝမ်နှင့် ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေး ရည်ရွယ်ချက်ကိုလည်း ထောက်ခံရပ်တည်လျက်ရှိသည်။

(ခ) မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ကို သဘောတူလိုက်နာနေသည့် နိုင်ငံများဖြစ်သည်နှင့်အညီ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာကို လေးစားကြသည်။ ၎င်းအတွက် ကြိုးပမ်းမှုများကိုလည်း အလေးထားသည်။

(ဂ) တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက လေးစားမှုပြုရေး မူဝါဒအရလည်း ထိုင်ဝမ်ပြဿနာ (Taiwan Question) သည် တရုတ်၏ ပြည်တွင်းရေးပင်ဖြစ်ပြီး ထိုင်ဝမ်သည် တရုတ်၏ ခွဲခြမ်းစိတ်ဖြာ၍မရသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုသည်။ ခွဲထွက်ရေးလှုပ်ရှားမှုများသည် ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေနိုင်သဖြင့် ၎င်းလှုပ်ရှားမှုများကို အသိအမှတ်မပြုပါ။ ပဋိပက္ခဖြစ်ပွားမှုများကို မြင့်တက်စေမည့် မည်သည့်အားပေးမှုကိုမဆို ထိန်းသိမ်းဆောင်ရွက်စေလိုပါသည်။

(ဃ) မြန်မာနိုင်ငံအနေဖြင့် တရုတ်၏ အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံ၊ မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးရှိသည့် နိုင်ငံ၊ အေးအတူပူအမျှအသိုက်အဝန်းကို အတူထူထောင်ထားသည့် နိုင်ငံအဖြစ် အစဉ်အမြဲရပ်တည်သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ရှမ်းပြည်နယ်(တောင်ပိုင်း)၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ စီမံဆောင်ရွက်ပေးရန် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန၏ နမ့်လတ်ဥယျာဉ်ခြံသို့ သွားရောက်ပြီး ဒေသ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ စိုက်ပျိုးနည်းပညာပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနခြံမှ ထုတ်လုပ်ပေးလိုက်သည့် သီးနှံပျိုးပင်များ၊ မျိုးများ၏ သက်တမ်းအလိုက် ရာသီအလိုက် အသီးထွက်ရှိမှုနှင့် စားသုံးမှုအရည်အသွေးအပေါ် နည်းပညာအရ အာမခံချက်ပေးနိုင်ရေး အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စတင်စိုက်ပျိုးသည်မှ သီးနှံစတင်ဆွတ်ခူးနိုင်သည်အထိ ပြုစုရမည့် နည်းပညာများ၊ စီးပွားဖြစ် ဆွတ်ခူးထုတ်လုပ်သည်မှ ကာလအလိုက် အကျိုးအမြတ်ဖြစ်ထွန်းနိုင်မှု၊ အရင်းကျေကာလနှင့် စီးပွားဖြစ်ထုတ်လုပ်မှု သက်တမ်းအား တောင်သူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ မေးမြန်းဆွေးနွေးမှုအပေါ် စနစ်တကျ ရှင်းလင်းတင်ပြနိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နမ့်လတ်ဥယျာဉ်ခြံအတွင်း စိုက်ပျိုးထားသော သီးနှံပင်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ရပ်စောက်မြို့နယ် မကျီးကုန်းကျေးရွာအုပ်စု ကြာအင်းကျေးရွာရှိ Unique Lawksawk Mango Public Co., Ltd. ၏ သရက်သီးသန့်စင်ထုပ်ပိုးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးရာ ကုမ္ပဏီ၏ ဒါရိုက်တာနှင့်မြို့နယ်သရက်သီးအသင်းဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဒေသတွင်း တောင်သူများအားလုံး ညီညွတ်စွာ ပါဝင်ဆောင်ရွက်မှု၊ လုပ်ငန်းဆိုင်ရာဖြည့်ဆည်းပေးရန် အချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ သရက်သီးစိုက်တောင်သူများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ သရက်သီးအပြင် အခြားဈေးကွက်ဝင်သီးနှံများကိုပါ အဆင့်မီထုပ်ပိုးဈေးကွက်တိုးချဲ့ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားကြီးသည် ကျောက်ဆည်မြို့မြောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေး သင်တောင်းကျေးရွာအနီးတွင်တည်ရှိကာ နေ့စဉ်ဘုရားဖူးပြည်သူများနှင့် အမြဲစည်ကားလျက်ရှိပြီး စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၊ အခါကြီး ရက်ကြီးများတွင် ပို၍စည်ကားကြောင်း၊ ဘုရားဖူးပြည်သူများအနေဖြင့် အေးချမ်းစွာဘုရားဖူးကြပြီး အမှတ်တရာပစ္စည်းရောင်းချသည့် ဈေးဆိုင်ခန်းများသို့လှည့်လည်ပြီး ဈေးဝယ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းများဖြင့် စည်ကားလျက်ရှိကြောင်းနှင့် ဂေါပကအဖွဲ့ကလည်း ဘုရားဖူးပြည်သူများ၏ လိုအပ်သည့်အကူအညီများ ဖြည့်ဆည်းပေးနိုင်ရေး လုံခြုံရေးဝန်ထမ်းများ ထားရှိပေးထားကြောင်း ဆုတောင်းပြည့်ရွှေသိမ်တော်ဘုရားကြီး၏ ဂေါပကအဖွဲ့ဝင် ဦးချစ်ညွန့်က ပြောပြသည်။

ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားကို သက္ကရာဇ် ၃၉၅ ခုနှစ်တွင် ရှင်အရဟံရဟန္တာကိုယ်တိုင် သိမ်သမုတ်ပြီး အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ကြောင်း၊ သစ္စာအဓိဋ္ဌာန်ပြုဆုတောင်းပါက တောင်းသည့်ဆုများ ပြည့်ဝသဖြင့် ဘုရားဖူးများ တစ်နေ့တခြားစည်ကားလာကြောင်း၊ မဟာရွှေသိမ်တော်ဘုရားကြီးသို့ ပြည်သူများလာရောက်ဖူးမြော်လိုပါက အဆိုပါဘုရားကြီးသည် ကျောက်ဆည်မြို့ မြောက်ဘက် တစ်မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းအနီး သင်တောင်းကြီးကျေးရွာတွင် တည်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



## မြို့သစ်မြို့နယ်တွင် ကြိုတင်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်

**မြို့သစ် ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၅ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပရာတွင် နိုင်ငံတော်တာဝန်ထမ်းဆောင်မည့်သူများ၊ နိုင်ငံ့တာဝန်ဖြင့် ခရီးသွားမည့်သူများ၊ မဲရုံတာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းကို ယနေ့ နံနက်ပိုင်းက စတင်၍ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၌ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကြိုတင်ဆန္ဒမဲပေးခြင်းလက်ခံဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အနီးကပ်ကြီးကြပ်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မဲရုံတာဝန်ကျ ဆရာ၊ဆရာမများက မိမိတို့မဲစာရင်းပါရှိရာ မဲဆန္ဒနယ်အလိုက် ကြိုတင်ဆန္ဒမဲပေးရန် လာရောက်သည့်ဌာနဆိုင်ရာ ဝန်ထမ်းများအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲများပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝင်းအိစွန်/ပြန်ဆက်)

## မြစ်သားမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများ၌ (ပဉ္စမအကြိမ်)အာဟာရကျွေးမွေး

**မြစ်သား ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်ကာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန ကျန်းမာရေးဆရာမများက မြို့ပေါ် အခြေခံပညာမူလတန်းကျောင်းများရှိ KG ကျောင်းသား၊ကျောင်းသူများအား ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီမှစတင်၍ (ပဉ္စမအကြိမ်)အာဟာရကျွေးမွေးခဲ့သည်။

အဆိုပါအာဟာရကျွေးမွေးရာတွင် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် မြစ်သားမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများမှ KG ကျောင်းသား၊ ကျောင်းသူများကို အာဟာရကျွေးမွေးပေးခဲ့ကြောင်း မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(ဝါဝါမြင့်/မြစ်သား)

o-o-o-o-o



# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ လုံခြုံရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ မန္တလေးတပ်နယ်မှ တပ်နယ်မှူးနှင့် စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မန္တလေးတိုင်းဒေသကြီးတွင် အပိုင်း(၃)ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် အပိုင်း(၁)ကို မြို့နယ် (၈)မြို့နယ်၌ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါကြောင်း၊ အပိုင်း(၂)ကို ယခု ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ်(၉)မြို့နယ်၌ ကျင်းပသွားမည်ဖြစ်ရာ ကျင်းပပြီးစီးခဲ့သည့်အတွေ့အကြုံများအပေါ် ပိုမိုကောင်းမွန်အောင် တိုးမြှင့်လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပါဝင်မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးဆိုင်ရာများကို ပိုမိုထိရောက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုံခြုံအေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ဗဟိုကော်မတီ၏ လမ်းညွှန်မှာကြားချက်များကို အလေးထားလိုက်နာကာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ပေါင်းစပ်ပြီး လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။




ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အပိုင်း(၁) အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့မှုနှင့် အတွေ့အကြုံများအပေါ် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားနိုင်ရန် အကြံပြုတင်ပြဆွေးနွေးမှုများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပ





**မန္တလေး ဇန်နဝါရီ ၁**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် ၆၈ လမ်း၊ ၁၃၉ လမ်းမှ ၁၄၃ လမ်းအထိနှင့် အမရပူရမြို့နယ် စွယ်တော်ဘုရားလမ်း ၆၈ လမ်းမှ ရန်-မန်းလမ်းအထိ နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ်များဖွင့်လှစ်သည့် အခမ်းအနားဖြစ်ပါကြောင်း၊ မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နေလူထု စိတ်ချမ်းမြေ့စေရန်၊ အချိန်တိုအတွင်း သွားလာမှု အဆင်ပြေချောမွေ့လွယ်ကူစွာရှိစေရန် လမ်းများအား မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ ယာဉ်ကြောကျပ်တည်းဖြစ်ပွားမှုများ လျှော့ချနိုင်ရေးအတွက် အလေးထားကာ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် ၆၈ လမ်းသည် ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ် ထုံးဘို-မြစ်ငယ် ဖြတ်လမ်းအထိ ဖြတ်သန်းသွားလာနိုင်သော တောင်၊ မြောက် နှစ်လမ်းသွားလမ်းဖြစ်ပြီး ၆၈ လမ်းမှ ထုံးဘို-မြစ်ငယ် ဖြတ်လမ်းမှတစ်ဆင့် ပြင်ဦးလွင်မြို့သို့ သွားလာနိုင်သည့်လမ်းလည်း ဖြစ်ပါကြောင်း၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်းတည်ရှိသည့်အတွက် ကုန်စည်စီးဆင်းမှုလွယ်ကူစေမည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန် အထောက်အကူပြုသည့်လမ်းလည်း ဖြစ်ပါကြောင်း၊ အလားတူ စွယ်တော်ဘုရားလမ်း (၆၈ လမ်းမှ ရန်-မန်းလမ်းအထိ)အား နိုင်လွန်ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ စွယ်တော်ဘုရားဝင်းအတွင်း ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာဖူးမြော်နိုင်ရေးအတွက် ဘုရားပတ်လမ်းနှင့် ရင်ပြင်တို့အား နိုင်လွန်ကတ္တရာလမ်းများအဖြစ် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၆၈ လမ်းအား မူလကတ္တရာလမ်းမှ နိုင်လွန်ကတ္တရာလမ်းအဖြစ် အရှည်ပေ ၂၅၅၀ အား လမ်းအကျယ် ၂၂ ပေ ဆောင်ရွက်ပေးခဲ့သည့်အပြင် Precast Box Culvert ၁၃ စင်း၊ အုတ်ရေမြောင်းနှင့် Road Curb များ အပါအဝင် စုစုပေါင်းငွေကျပ် ၅၇၆ ဒသမ ၅၈၂ သန်း၊ စွယ်တော်ဘုရားလမ်း ၆၈ လမ်းမှ ရန်-မန်းလမ်းအထိ နိုင်လွန်ကတ္တရာလမ်းအဖြစ် ပေရှည် ၄၄၆၈ ပေအား လမ်းအကျယ် ပေ ၃၀၊ နှစ်ဖက်ဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၁၀၀၉ ဒသမ ၃၂၉ သန်းတို့ဖြင့် ကျခံသုံးစွဲ၍ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လမ်းအသုံးပြုသူများအတွက် အထောက်အကူပြုသည့် လမ်းများဖြစ်ပြီး ရေရှည်ကောင်းမွန်တည်တံ့ရေး ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းက နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ မြို့ပေါ်ရှိ လမ်းများတိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းများဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားပြီးနောက် မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

၎င်းနောက် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအမှတ်တရလက်ဆောင်များပေးအပ်၍ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြပြီးနောက် လမ်းတစ်လျှောက်ကြည့်ရှု၍ မြို့မိမြို့ဖများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မိအို၊ ဖအိုတို့အတွက် အသက်ရှည်ဆေး

လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်ခန့်က ဖြစ်သည်။ ကျွန်တော်သည် 'မန်းတောင်ရိပ်ဂျာနယ်'တိုက်တွင် တာဝန်ခံအယ်ဒီတာထမ်းဆောင်နေစဉ်ကာလက ဖြစ်သည်။ ကျွန်တော်တို့ ဂျာနယ်တိုက်မှ ကွန်ပျူတာဌာနတွင် တာဝန်ထမ်းဆောင်နေသော ကိုနိုင်လင်း(ယခုအခါ သာသနာ့ဘောင်သို့ ဝင်ရောက်သွား၏)က သူ့ရွာလေးသို့ အလည်အပတ်ခေါ်နေပေ၏။ သူ့ရွာလေးက သာယာလှပ၏။ ရှေးရိုးဆန်၏။ ခရီးလမ်းက အနည်းငယ်ကြမ်းသော်လည်း ရွာခလေ့ဆန်းလေးများ ရှိသည်ဟု ဆိုပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် အဆိုပါရွာလေးဆီသို့ အလည်တစ်ခေါက်လိုက်သွားခဲ့ပါသည်။ ကျွန်တော်နှင့်အတူ စာရေးဆရာမကြီး ဒေါ်နုနုကြည်(အမေ့အိမ်)တို့လည်း လိုက်ပါလာကြ၏။ ကျွန်တော်တို့ သွားရောက်ကြသည့် ရွာလေးသည် ပြင်ဦးလွင်မြို့၏ အရှေ့မြောက်ဘက် '၇'မိုင်ခန့်တွင်ရှိသော 'သက္ကံချိုင်း'ကျေးရွာဟု ဆိုပါသည်။ အဆိုပါရွာသို့ရောက်ရှိရန် ပြင်ဦးလွင်မြို့မှတစ်ဆင့် ဆိုင်ကယ်များနှင့် သွားရ၏။ ကားလမ်းများ မပေါက်သေးပါ။ အိမ်ခြေမှာ '၁၀၀'ကျော်ရှိ၏။ ခေတ်မီမီဆောက်လုပ်ထားသော တိုက်အိမ်များကို မတွေ့ရ။ များသောအားဖြင့် ခြေတံရှည်အိမ်ကလေးများကိုသာ တွေ့မြင်ရ၏။ ဆောင်းရာသီ၌ အလွန်အေးဟန်တူ၏။ အိမ်တိုင်းလိုလို၌ မီးဖိုလေးများ 'ဆောင်'ထားကြသည်ကို တွေ့ခဲ့ရသည်။

ကျွန်တော်တို့သည် အဆိုပါကျေးရွာရှိ ရွာဦးကျောင်း၌ တည်းခိုကြပါသည်။ ဘုန်းကြီးကျောင်း၏ အကျယ်အဝန်းမှာ '၄'ဧကခန့် ရှိမည်ထင်သည်။ ဘုန်းကြီးကျောင်းအိုကြီးကလည်း ပေ ၁၅၀ ပတ်လည်ရှိပြီး ကျွန်းတိုင်ကြီးများနှင့် တည်ဆောက်ထားခြင်း ဖြစ်၏။ သို့သော် ဤကျောင်းကြီးသည် အိုမင်းယိုယွင်းနေပေ၏။ အစစအရာရာ မပြည့်စုံတော့။ ပျက်စီးမှုများနေသောကြောင့် အဆိုပါကျောင်းပေါ်၌ မည်သူမှနေ၍မရ။ ခင်းကျင်းထားသော ကြမ်းတွေကလည်း ကျိုးတိုးကျဲတဲ။ ကျောင်းကြီး၏ အမိုးတွေကလည်း မလုံ့တလုံ။ ကျောင်းပြတင်းပေါက်တွေကလည်း တိုးလျှိုပေါက်ဖြစ်နေ၏။ တံခါးရွက်များလည်း မရှိကြတော့ပေ။

အဆိုပါကျောင်းအိုကြီး၌ ကျောင်းထိုင်ဆရာတော်တစ်ပါးနှင့် အခြားသံဃာငယ်နှစ်ပါး စုစုပေါင်း သုံးပါးသာ ရှိသည်ဟု သိရ၏။ ကျောင်းထိုင်ဆရာတော်၏ ဘွဲ့အမည်မှာ ဦးကဝိဓဇဖြစ်၏။ ထိုစဉ်က ဆရာတော်၏သက်တော်မှာ ၅၀ ကျော်ပဲ ရှိသေး၏။ ကျွန်တော်တို့သည် ဘုန်းကြီးကျောင်းပေါ်၌ တည်းခို၍မရသဖြင့် ကျောင်းအိုကြီး၏ နံဘေးရှိ စာကြည့်တိုက်ကလေးတွင် 'တည်း'ကြပါသည်။ စာကြည့်တိုက်ကို 'ပညာတံခွန်'စာကြည့်တိုက်ဟု အမည်ပေးထား၏။ စာကြည့်တိုက်ကလေးက ၂၀၀၇ ခုနှစ်တွင် တည်ထောင်ထားပြီး စာအုပ်ပေါင်း ၃၀၀၀ ကျော်ခန့် ရှိပါသည်။ ဤစာကြည့်တိုက်တွင် လူကြီးစာပေဆိုတာထက် ကလေးစာပေများကို ဦးစားပေးထားရှိသည်ကို သတိထားမိ၏။ ကျေးရွာရှိ ကလေးငယ်များလာရောက်ဖတ်ရှုနေကြသည်ကို အတိုင်းသားတွေ့မြင်ခဲ့ရပါသည်။

ကျွန်တော်တို့သည် ရွာဦးဘုန်းကြီးကျောင်းတွင် တည်းခိုနေကြသော်လည်း ညနေစာကို ကိုနိုင်လင်းအိမ်၌သာ သုံးဆောင်နေကြပါသည်။ ထိုနေ့က မှတ်မိသေး၏။ ကျွန်တော်တို့၏ ညနေစာမှာ ထမင်းက လယ်ဆန်။ ဟင်းက ဝက်သားနှင့် ပိန္နဲသီးချက်။ ငါးပိရည် အရည်ကျဲနှင့် အတို့အမြှုပ်အပြင် သလဲချဉ်အစပ်ကလေးကလည်း ပါလိုက်သေး၏။ ထိုထိုသော ထမင်းဟင်းလျာများသည် အငွေ့တထောင်းထောင်းထနေသည်ကတစ်ကြောင်း၊ ထူးခြားသည့်အရသာများ တွေ့နေရသည်ကတစ်ကြောင်း၊ မစားဘူးပေမယ့် အစားထူးနေသည်ကတစ်ကြောင်း စသည်တို့ကြောင့် ကျွန်တော်သည် အားရပါးရ စားခဲ့ရ၏။ ခေါင်းမဖော်တမ်း သုံးဆောင်ခဲ့သည်ဟု ဝန်ခံမိ၏။ ဤသည်မှာ ကိုနိုင်လင်း၏ အမေ့လက်ရာဟု နောက်မှ သိရပါသည်။

သည့်နောက်ပိုင်း ကိုနိုင်လင်း၏မိခင်နှင့် ကျွန်တော်တို့သည် ခင်မင်ရင်းနှီးခွင့်ရခဲ့၏။ ကိုနိုင်လင်းအမေက ကျွန်တော့်ကို ဆရာရွှေဟု ခေါ်ဆိုပြီး ကျွန်တော်ကလည်း မိမိ၏အမေအရွယ်ဖြစ်သောကြောင့် 'အမေ'ဟု အလွယ်တကူ ခေါ်ဆိုခဲ့ပါသည်။ ထိုစဉ်က



အမေ၏အသက်အရွယ်သည် အသက် ၅၀ ကျော်ခန့် ရှိမည် ထင်ပါသည်။ အမေ၏ ပုံပန်းသဏ္ဌာန်သည် တောင်သူတစ်ဦးဖြစ်ကြောင်းကို မေးစရာမလို။ သိသာထင်ရှားလှပေ၏။ အသားအရေက ခပ်လတ်လတ်၊ ကျန်းမာရေးကလည်း ကောင်းဟန်တူ၏။ ခန္ဓာကိုယ်ကလည်း ခပ်ထွားထွား၊ ခပ်ဝဝ၊ သွက်သွက်လက်လက်ရှိပေ၏။ ရှမ်းခနုလူမျိုးစုမှ ဆင်းသက်လာဟန်တူ၏။ သူတို့ဒေသခံအချင်းချင်း စကားပြောလျှင် အနည်းငယ်ဝဲ၏။ အမေတို့ လင်မယားနှစ်ယောက်က လယ်ယာကိုင်းကျွန်းလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသည်ဟု ဆိုပါသည်။

ထို့အပြင် အမေသည် သဘောသကာရ ကောင်း၏။ လိမ်ညာလှည့်ဖြားသည့်သဘော မရှိ။ ဖြူစင်ဖြောင့်မတ်ပြီး လောကကြီးကို အကောင်းမြင်တတ်၏။ သို့သော် ရှမ်းလူမျိုးများကဲ့သို့ 'မဟု'ဆိုလျှင် မရတော့ပေ။ စကားပြောလျှင် တိတိပပ ပြောဆိုတတ်၏။ ထို့အပြင် စကားကို အစွန်းမထွက်အောင် ချိန်ချိန်ဆဆနှင့် ပြောဆိုတတ်၏။ အမေသည် အသက်(၂၄)နှစ်နှင့် အိမ်ထောင်ကျပြီး ကလေးခြောက်ယောက် ထွန်းကားခဲ့သည်ဟု ဆိုသည်။ အမေ၏သားသမီးများသည် ဆိုးသွမ်းခဲ့သူ တစ်ယောက်မှမပါ။ ယဉ်ကျေးလိမ္မာကြ၏။ သူမ၏ သားသမီးများအနေနှင့်ကြည့်လျှင် တကယ့်ကို မိခင်ကောင်းတစ်ယောက်ဟု ဆိုရပေမည်။

ယခု ကျွန်တော်တို့ တည်းခိုနေကြသည့် ရွာဦးကျောင်းကြီးကိုလည်း အမေ၏ မိဘနှစ်ပါးဖြစ်ကြသည့် 'ဦးစံပ+ဒေါ်ရင်'တို့က ဦးဆောင်ပြီး ဆောက်လုပ်လှူဒါန်းပေးခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ ကျောင်းအိုကြီးသည် လွန်ခဲ့သည့် အနှစ်(၇၀)ခန့်က တည်ဆောက်ခဲ့ဟန်တူ၏။ ဤသည်တို့ကြောင့် အမေတို့မိသားစုက ဤကျောင်းအိုကြီးကို သူတို့တတ်နိုင်သလောက် ထိန်းသိမ်းပေးနေကြ၏။ သူတို့တတ်နိုင်သလောက်လည်း လှူဒါန်းနေကြ၏။ ငွေတတ်နိုင်လျှင် ငွေလှူကြ၏။ လုပ်အားတတ်နိုင်လျှင် လုပ်အားပေးလှူကြ၏။ ထို့အပြင် မိဘများလက်ထက်ကနေ ယနေ့ထိတိုင်အောင် ဆွမ်းဟင်း၊ ဆွမ်းထမင်းများကို နေ့စဉ်နေ့တိုင်း ပို့နေဆဲ ဖြစ်သည်ဟု သိရသည်။ ကျွန်တော့်အနေဖြင့် သာဓုခေါ်ဆိုမိပါသည်။

အမေတို့သည် သူတို့သားသမီးများကို မန္တလေးမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများဆီသို့ ထားရှိစေပြီး အစိုးရအထက်တန်းကျောင်းများသို့ တက်စေခဲ့ပါသည်။ ယခုအခါတွင် အမေတို့၏သားသမီးများသည် 'ဘွဲ့'ရသူများလည်း 'ရ'ခဲ့ကြ၏။ အလုပ်ရသူများလည်း အလုပ်ရခဲ့ကြ၏။ အိမ်ထောင်ကျသူများလည်း အိမ်ထောင်ကျကုန်ကြလေပြီ။ ကိုနိုင်လင်းသည်ပင်လျှင် ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်ခဲ့ပေ၏။ ကျွန်တော်တို့သည် အဆိုပါကျေးရွာလေးမှအပြန် အမေတို့မိသားစုလေးကိုကြည့်ပြီး မုဒိတာပွားမိခဲ့ကြပါသည်။

ယခုအခါတွင်တော့ အမေတို့လင်မယားနှစ်ယောက်သည် အဘိုးကြီး၊ အဘွားကြီးဖြစ်နေကြပေ၏။ အမေ၏အသက်အရွယ်သည် '၇၃'နှစ်ဆီသို့ ရောက်ခဲ့ပေ၏။ အမေ့ခန္ဓာကိုယ်ကြီးကလည်း ယခင်လို မဟုတ်တော့။ အိုမင်းယိုယွင်းခဲ့လေပြီ။ အောက်ပိုင်းခြေထောက်များကလည်း ကောင်းကောင်းလမ်းမလျှောက်နိုင်။ ခြေဖမိုးလေးများကလည်း 'ရောင်အန်း'နေ၏။ လူတို့သည် ဘဝနေညို့ချိန်သို့ရောက်လျှင် ရောဂါတစ်ခုခုရလာစမြဲပင်။ သို့သော် အမေသည် ဘဝကို အရှုံးမပေးသေးပါ။ သူတတ်နိုင်သလောက်တော့ အိမ်မှုကိစ္စလေးများကို 'ဝိုင်း'ပေးနေရ၏။ ကျန်သည့်အချိန်များတွင် တရားဘာဝနာများနှင့် အချိန်ကို ကုန်လွန်စေပါသည်။

ယခုလို ဘဝနေညို့ချိန်ရောက်နေကြသော မိအို၊ ဖအိုတို့သည် မိသားစုနှင့်အတူနေရသည်ဖြစ်စေ၊ တစ်ဦးတည်းနေရသည်ဖြစ်စေ သူတို့မှာ မဲ့သုံးမဲ့နှင့် ရင်ဆိုင်နေရ၏။ ယင်းတို့မှာ ၁။ အလုပ်လက်မဲ့ခြင်း၊ ၂။ ဝင်ငွေမဲ့ခြင်း၊ ၃။ အပေါင်းအဖော်မဲ့ခြင်းတို့ဖြစ်၏။ မြန်မာနိုင်ငံတွင် ရှိနေကြသော မိအို၊ ဖအိုများကို များသောအားဖြင့် သူတို့၏ သား၊ သမီးများက စောင့်ရှောက်ကြ၏။ တတ်အားသမျှ ကျွေးမွေးကြပါသည်။ သို့သော် အဆိုပါ မိအို၊ ဖအိုများသည် စကားပြောဖော်မရှိ။ နားထောင်မည့်သူမရှိ။ လူရာမဝင်သလို အထီးကျန်ဖြစ်နေခြင်းက ပို၍ခံစားရသည်ဟု သိရသည်။

ဤသည်တို့ကြောင့် ကျွန်တော်သည် အမေ့ရွာသို့ မကြာခဏ အလည်အပတ်သွားတတ်၏။ အမေကလည်း ကျွန်တော်လာလျှင် ပျော်နေတတ်၏။ စိတ်ချမ်းသာသည်ဟု ဆို၏။ ကျွန်တော် မလာလျှင် မျှော်နေတတ်ပါသည်။ အမေ့အတွက် စကားပြောဖော်ရ၏။ အမေပြောသည့် စကားကိုလည်း စိတ်ရှည်စွာဖြင့် နားထောင်ပေးရပါသည်။ တစ်နည်းပြောရလျှင် ကျွန်တော်သည် အမေ့ကို လူရာသွင်းပြောဆိုဆက်ဆံခဲ့ခြင်းသည် အမေ့အတွက် အသက်ပိုရှည်သည်ဟု ခံယူမိပါသည်။

အမှန်တကယ်တော့ လူ့ဘုံလောကရှိ လူသားတို့သည် စားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်ရင်း တဖြည်းဖြည်းနှင့် အိုမင်းလာကြ၏။ အဆိုပါ အိုမင်းမှုနှင့်အတူ ရောဂါတစ်ခု(သို့မဟုတ်)နှစ်ခု စသဖြင့် ရလာကြသည်မှာ ဓမ္မတာပင်။ အဆိုပါ အဘိုး၊ အဘွားများ၊ မိအို၊ ဖအိုများသည် ကျန်းမာရေး အားပျော့လာလျှင် ချို့ယွင်းမှု၊ အားနည်းမှု၊ ဖောက်ပြန်မှုများက အစဉ်အမြဲ ဝင်ရောက်လာတတ်စမြဲပင်။ ဤအခါမျိုးတွင် မိအို၊ ဖအိုတို့အတွက် ဘဝနေစွယ်က ညှိုးငယ်လေတော့သည်။ စိတ်ဓာတ်တွေလည်း ကျလာပြီ။ စိတ်အားငယ်ကုန်ကြ၏။ ဤကဲ့သို့ မိအို၊ ဖအိုများ ခံစားနေရသော 'သောက'များကို ကျွန်တော်တို့တစ်တွေက 'စာနာစိတ်'ဖြင့် ကုစားကြရပေမည်။

ဤသည်တို့ကြောင့် အမှတ်မထင် ဆုံတွေ့ခဲ့ရသည့် ပြင်ဦးလွင်က အမေကို ကျွန်တော်က မိမိ၏အမေရင်းကဲ့သို့ အောက်မေ့မိ၏။ ထို့အတူ အမေကလည်း ကျွန်တော်ကို သူ့သားလေးလို သဘောထားခဲ့ပေသည်။ တစ်ဦးကစေတနာ၊ တစ်ဦးကမေတ္တာဟု ပြောရမလားမသိ။ တကယ်တော့ အမေသည် သူ၏မေတ္တာဓာတ်တွေကို လွှမ်းခြုံပေးခဲ့လို့လား မပြောတတ်။ ကျွန်တော်သည် အိုမင်းမစွမ်းဖြစ်နေသည့် အဆိုပါအမေကို ကျန်းမာစေချင်၏။ ချမ်းသာစေချင်၏။ ထို့အတူ အသက်လည်း ပို၍ပို၍ ရှည်စေချင်ပါသည်။ တကယ်ပါ။

အချုပ်ဆိုရလျှင် ကျွန်တော်သည် အမေ့ကို ခရီးသွားဟန်လွှဲ တတ်နိုင်သရွေ့ ကုစားခြင်းဖြစ်ပါသည်။ အမေတို့ဘက်ကလည်း ကျွန်တော်ရောက်သွားလျှင် ဧည့်ဝတ်ကျေပွန်ကြပါပေ၏။ ကျွန်တော့်စေတနာကို အသိအမှတ်ပြုပေးကြပါသည်။ ဤသို့ကြောင့် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ရင်း နိဂုံးကမ္ပတ်အဆုံးသတ်ပါရစေ . . .။

(ပြာသိုလပြည့် အမေများနေ့ကို ဂုဏ်ပြုလျက်....။)

ပြောက်ပြင်တော်က ကိုရွှေမော်

# တရုတ်နိုင်ငံ၏ စီးပွားရေးသည် အလွန်ထူးခြားသည့် နှစ်တစ်နှစ်ဖြစ်ခဲ့ နှစ်သစ်ကူးအကြိုမိန့်ခွန်းတွင် သမ္မတရှီကျင့်ဖျင် ထည့်သွင်းပြောဆို



**ပေကျင်း ဇန်နဝါရီ ၁**

တရုတ်နိုင်ငံ၏ စီးပွားရေးသည် အလွန်ထူးခြားသည့် နှစ်တစ်နှစ်ဖြစ်ခဲ့ပြီး ဖိအားများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ၂၀၂၅ ခုနှစ်အတွင်း တိုးတက်မှုနှုန်းမှာ ၅ ရာခိုင်နှုန်းဝန်းကျင် ရှိလာနိုင်ကြောင်း သမ္မတရှီကျင့်ဖျင်က ဒီဇင်ဘာ ၃၁ ရက်တွင် ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ထုတ်ဖော်ပြောကြားချက်ကို ထိပ်တန်းနိုင်ငံရေး အတိုင်ပင်ခံအဖွဲ့သို့ ပြောကြားသည့် ရှီကျင့်ဖျင်၏ နှစ်သစ်ကူးအကြို မိန့်ခွန်းတွင်ထည့်သွင်းပြောဆိုခဲ့ခြင်း ဖြစ်သည်။

ယခုကဲ့သို့ နှစ်စဉ်တိုးတက်မှုနှုန်းမှာ အစိုးရ၏ တရားဝင်ရည်မှန်းချက်နှင့် ကိုက်ညီနေပြီး ၂၀၂၄ ခုနှစ်တွင် မှတ်တမ်းတင်သည့် ၅ ရာခိုင်နှုန်းတိုးတက်မှုနှင့် ပမာဏတူညီခဲ့သည်။

ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း ဖိအားများနှင့် ပိုမိုရင်ဆိုင်နေရပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိုးဆင်းသွားခဲ့သည့် စားသုံးသူများ၏ ယုံကြည်မှုမှာလည်း ယနေ့အထိ ပြန်လည်ကောင်းမွန်လာရေးစိမ်ခေါ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **Mon**

# နောက်ဆုံးပေါ် စမတ်မော်တော်ယာဉ်များနှင့် ချစ်ပ်ပြားများကို တရုတ်ပြည်တွင်းထုတ်လုပ်သူများထံမှ ပိုမိုရရှိလာနေပြီဟု ဆို

**ပေကျင်း ဇန်နဝါရီ ၁**

တရုတ်နိုင်ငံ၏ နောက်ဆုံးပေါ် စမတ်မော်တော်ယာဉ်များနှင့် ၎င်းတို့တွင် အသုံးပြုသည့် ချစ်ပ်ပြားများမှာ ပြည်တွင်းထုတ်လုပ်သူများထံမှ ပိုမိုရရှိလာနေပြီဖြစ်ကြောင်း တာဝန်ရှိသူများနှင့် စက်မှုလုပ်ငန်းလေ့လာသူများ၏ ပြောကြားချက်ကို ကိုးကား၍ စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သို့ရာတွင် အဆိုပါတိုးတက်မှုမှာ ညီညွတ်မျှတမှုမရှိဘဲ အဆင့်မြင့် ကွန်ပျူတာစနစ်များဖြစ်သည့် အလိုအလျောက်မောင်းနှင်မှုစနစ်နှင့် ဒစ်ဂျစ်တယ်ကော့ပစ်စနစ်များတွင် အသုံးပြုခြင်းထက် အခြေခံထိန်းချုပ်မှုဆိုင်ရာ လုပ်ငန်းဆောင်တာများတွင်သာ ပိုမိုအသုံးပြုနေကြသည်ဟု လေ့လာဆန်းစစ်သူများက ပြောကြားသည်။

တရုတ်အစိုးရသည် အမေရိကန်အပါအဝင် အနောက်နိုင်ငံများနှင့် အားပြိုင်မှုများရှိနေသော်လည်း ပြည်တွင်းဖြစ်ချစ်ပ်ပြားများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုနိုင်သေးခြင်းမှာ ပထဝီနိုင်ငံရေးကြောင့်မဟုတ်ဘဲ ဂေဟစနစ်ဆိုင်ရာ အခက်အခဲများကြောင့်သာဖြစ်သည်ဟု ကျွမ်းကျင်သူများက စီအင်န်အေသို့ ပြောကြားသည်။

ဤကဲ့သို့ ပြည်တွင်းဖြစ်ချစ်ပ်များ အသုံးပြုရန် တွန်းအားပေးမှုသည် ချစ်ပ်ထုတ်လုပ်သူများကို ပြည်တွင်းထုတ်စက်ပစ္စည်းများအပေါ် ပိုမိုအားကိုးလာစေရန် တိုက်တွန်းသည့် လုပ်ဆောင်ချက်များအပါအဝင် တရုတ်နိုင်ငံ၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းထောက်ပံ့ရေးကွင်းဆက်တစ်ခုလုံးကို ပြည်တွင်း၌သာ အခြေစိုက်နိုင်ရန် ကြိုးပမ်းမှုများနှင့် အတူ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။ **Mon**




# တောင်ကိုရီးယား ပို့ကုန်တင်ပို့မှု(၇) လဆက်တိုက်မြင့်တက် ၂၀၂၅ ခုနှစ် ပို့ကုန်တန်ဖိုးဒေါ်လာ ဘီလီယံ ၇၀၀ ကျော်လွန်

**ဆိုးလ် ဇန်နဝါရီ ၁**

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ဒီဇင်ဘာလတွင် (၇)လဆက်တိုက် မြင့်တက်ခဲ့ပြီး ၂၀၂၅ ခုနှစ်အတွင်း ပို့ကုန်တန်ဖိုးမှာ ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀၀ ကျော်လွန်ကာ စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကုန်သွယ်ရေး၏ ရှေ့ပြေးနိမိတ်အဖြစ် ယူဆရသည့် အာရှ၏ စတုတ္ထအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သော တောင်ကိုရီးယားနိုင်ငံ၏ ဒီဇင်ဘာလ ပို့ကုန်တင်ပို့မှုသည် ၁၃ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၅၈ ဘီလီယံအထိ ရှိခဲ့သည်။ ယင်းပမာဏသည် ရိုက်တာသတင်းဌာနက စီးပွားရေးပညာရှင်များအား မေးမြန်းထားသည့် ခန့်မှန်းချက်ဖြစ်သော ၉ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားခဲ့ခြင်း ဖြစ်သည်။

သွင်းကုန်တင်သွင်းမှုသည်လည်း ပြီးခဲ့သည့်နှစ် အလားတူကာလထက် ၄ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၄၀ ဘီလီယံ ရှိခဲ့သည်။

၂၀၂၅ ခုနှစ် တစ်နှစ်လုံးအတွင်း ပို့ကုန်တင်ပို့မှုသည် ၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စုစုပေါင်းအမေရိကန်ဒေါ်လာ ၇၀၉ ဒသမ ၇ ဘီလီယံအထိ ရှိခဲ့ကြောင်း သိရသည်။ **Mon**



# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ဖုန်းကြည့်ရှုချိန် အလွန်အကျွံမဖြစ်စေရန်အတွက် ပြင်သစ်တွင် အသက် ၁၅ နှစ်အောက်ကလေးငယ်များ လူမှုမီဒီယာသုံးခွင့်ပိတ်ပင်မည်



**ပဲရစ် ဇန်နဝါရီ ၁**

ပြင်သစ်နိုင်ငံသည် ကလေးငယ်များ ဖုန်းကြည့်ရှုချိန် အလွန်အကျွံဖြစ်ခြင်းမှ ကာကွယ်ရန်အတွက် ကြိုးပမ်းမှုအသစ်တစ်ရပ်အနေဖြင့် လာမည့်စက်တင်ဘာလတွင် အသက် ၁၅ နှစ်အောက် ကလေးများလူမှုမီဒီယာအသုံးပြုခွင့်ကို ပိတ်ပင်ရန် အဆိုပြုထားကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ လုပ်ဆောင်ချက်ကို သမ္မတ အီမန်နျူရယ် မက်ခရွန်က ထောက်ခံအားပေးထားပြီး ၎င်းက လွှတ်တော်အနေဖြင့် ဇန်နဝါရီလတွင် ထိုအဆိုပြုချက်ကို စတင်ဆွေးနွေးသင့်ကြောင်း ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။ အလားတူ အသက် ၁၆ နှစ်အောက်ကလေးငယ်များ လူမှုမီဒီယာအသုံးပြုမှုကို ပိတ်ပင်သည့် ဥပဒေအား ဩစတြေးလျနိုင်ငံက ကမ္ဘာ့ပထမဆုံးအဖြစ် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

မြောက်မြားစွာသော လေ့လာမှုများနှင့် အစီရင်ခံစာများအရ ဆယ်ကျော်သက်များ ဒစ်ဂျစ်တယ်ဖန်သားပြင်များကို အလွန်အကျွံအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အမျိုးမျိုးသော ဘေးထွက်ဆိုးကျိုးများကို အတည်ပြုနိုင်ပြီဖြစ်ကြောင်း ပြင်သစ်ဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။

အွန်လိုင်းအသုံးပြုမှုကို ကန့်သတ်ထားခြင်းမရှိသည့် ကလေးငယ်များသည် မသင့်လျော်သော အကြောင်းအရာများနှင့် ထိတွေ့မိခြင်း၊ အွန်လိုင်းမှတစ်ဆင့်အနိုင်ကျင့်စော်ကားခံရခြင်း သို့မဟုတ် အိပ်စက်မှုပုံစံများ ပြောင်းလဲခြင်းတို့ကို ခံစားရနိုင်ကြောင်း သိရသည်။

**Mon**

# ဗဟိုဘဏ်များ အတိုးနှုန်းလျှော့ကာ အေအိုင်နည်းပညာ တိုးတက်လာသဖြင့် အရောင်းအဝယ်နည်းပါးကာ စတော့ရှယ်ယာဈေးကွက်အများစု ကျဆင်းခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁**

ဗဟိုဘဏ်များက အတိုးနှုန်းများလျှော့ချခြင်းနှင့် ဉာဏ်ရည်တုနည်းပညာ တိုးတက်လာမှုကြောင့် နည်းပညာကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာခြင်းတို့ကြောင့် အဓိကပိုင်ဆိုင်မှုများအတွက် စံချိန်တင်အကျိုးအမြတ်များရရှိခဲ့သည့် တစ်နှစ်တာကုန်ဆုံး ပြီးနောက် ဒီဇင်ဘာ ၃၁ ရက်တွင် အရောင်းအဝယ်နည်းပါးကာ စတော့ရှယ်ယာဈေးကွက်အများစုကျဆင်းခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မကြာသေးမီ သီတင်းပတ်များအတွင်း အလုပ်လက်မဲ့ခံစားခွင့် အသစ်လျှောက်ထားသူနှင့် ဆက်လက်လျှောက်ထားသူအရေအတွက် ကျဆင်းသွားသည်ဟူသော အချက်အလက်မှအပအခြား စီးပွားရေးဆိုင်ရာ အချက်အလက်အသစ်များ ထွက်ပေါ်လာခြင်းမရှိဘဲ ၂၀၂၅ ခုနှစ်၏ နောက်ဆုံးအရောင်းအဝယ်နေ့တွင် ဝေါလ်စထရီ၏ အဓိကအညွှန်းကိန်းများမှာ အနည်းငယ်နိမ့်ကျကာ ဈေးပိတ်ခဲ့သည်။

သို့သော်လည်း အဓိကအညွှန်းကိန်းသုံးခုစလုံးသည် တစ်နှစ်တာလုံးအတွက် ခိုင်မာသောအကျိုးအမြတ်များကို မှတ်တမ်းတင်နိုင်ခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း ဒိုးဂျုံးစ် အညွှန်းကိန်းသည် ၁၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အက်စ်အင်န်ပီ ၅၀၀ အညွှန်းကိန်းသည် ၁၆ ဒသမ ၄ ရာခိုင်နှုန်းနှင့် နည်းပညာအသားပေး နာစ်ဒက်အညွှန်းကိန်းသည် ၂၀ ဒသမ ၄ ရာခိုင်နှုန်းအထိ အသီးသီးမြင့်တက်ခဲ့ကြောင်း သိရသည်။

**Mon**




STOP AIDS

## မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူ တက္ကသိုလ်၌ မူးယစ်ဆေးဝါး အန္တရာယ်နှင့် လူကုန်ကူးမှုတား ဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန် နေ့ မွန်းလွဲ ၃ နာရီက အဆိုပါ တက္ကသိုလ်ရှိ ကျွန်းရွှေဝါခန်းမ တွင် ကျင်းပသည်။



ဟောပြောပွဲတွင် ပခုက္ကူ တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူမြို့မစခန်းမှူး ဒုတိယရဲမှူး အောင်ကျော်စိုးက မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ခံစားရရှိနိုင် သည့် စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်း ဝယ်မှုတိုက်ဖျက်ရေးဆိုင်ရာများ၊ အမှတ်(၂) လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(ပခုက္ကူ) မှ ဒုတိယရဲအုပ်ဝင်းလှိုင်က လူကုန် ကူးမှုဖြစ်စဉ်များနှင့် နည်းလမ်း များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်း ရေးဥပဒေများ၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ လူကုန်ကူးမှုတားဆီးကာကွယ် ရေးဆောင်ရွက်ရမည့်နည်းလမ်း များကို အသိပညာပေးဟောပြော ကြသည်။

အဆိုပါဟောပြောပွဲတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခ ချုပ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်ထွတ်၊သင်ကြား/ စီမံဌာနမှူးများ၊ ဆရာ၊ ဆရာမ များနှင့် ကျောင်းသား၊ ကျောင်း သူများတက်ရောက်ကြပြီး မူးယစ် ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူး မှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင် များဖြန့်ဝေပေးခဲ့ကြောင်း သိရ သည်။ **(ဝဲပုံ) (၃၄၀)**



## မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

**မကွေး ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၌ ပွင့်လင်း ရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးလန့်မှု၊ မီးလောင်မှုမဖြစ်ပွား စေရေးအတွက် မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းကို ပြည် တော်သာရပ်ကွက်ရှိ မူလတန်းကြိုကျောင်းတွင် ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါမီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မကွေး မြို့ မူလတန်းကြိုကျောင်းရှိ ဆရာမ ၁၄ ဦး၊ မူကြိုကလေး ၂၀၀ ဦး တို့အား မီးဘေးလုံခြုံရေးအသိပညာပေးခြင်း၊ မီးသတ်ဆေးဘူးကို စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရန် ရှင်းလင်းပြောကြားခြင်း နှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့ကိုင်တွယ်မီးငြိမ်းသတ်ခြင်းများ ကို ဆောင်ရွက်ခဲ့ကြသည်။

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ကူးပြောင်းရောက်ရှိလာ ပြီဖြစ်သဖြင့် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် မီးသတိမူရေးနှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းများ ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) မောင်ခိုင်မင်း(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လမ်းခင်းကျောက်များ၊ တရားမဝင်လမ်းခင်းကျောက်တင်ယာဉ်၊ လိုင်စင်မဲ့ယာဉ်များနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ



**နေပြည်တော် ဇန်နဝါရီ ၁**

တရားမဝင်ကုန်သွယ်မှုတိုက် ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူ နိုင်ရေး ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန် ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၀ ရက် တွင် ကျောက်ဆည်မြို့နယ်အတွင်း ၌ တရားမဝင် တူးဖော်ထုတ်လုပ် ထားသည့် ထုံးကျောက်ဟုယူဆ ရသော လမ်းခင်းကျောက် တစ် ကျင်းနှင့် အဆိုပါလမ်းခင်းကျောက် များ တင်ဆောင်လာသည့် Forland Dump Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန် ကျပူးပေါင်းအဖွဲ့များက စစ်ဆေး မှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၅ ရက်၊ ၂၆ရက်နှင့် ၂၇ရက် တို့တွင် မော်လမြိုင်ခရိုင်နှင့် သထုံ ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ငါးစီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေး ယူဆောင်ရွက်လျက်ရှိကြောင်း သိ ရသည်။ **(ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## နှစ်လုံး၊ သုံးလုံးထီ လောင်းကစားသူများအား ဖမ်းဆီးအရေးယူ

**ပဲခူး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး၊ အုတ် တွင်းမြို့နယ်တွင် နှစ်လုံး၊ သုံးလုံး ထီလောင်းကစားသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၉ ရက် ညနေ ၄ နာရီတွင် ပဲခူး တိုင်းဒေသကြီး၊ အုတ်တွင်းမြို့၊ ကြက်သွန်ခင်း(၂)ရပ်ကွက်နေ ဦးမောင်သန်း(၅၉)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစား နေကြောင်း သတင်းအရ တောင်ငူ ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက် စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ် ပေါ်မှ နှစ်လုံး၊ သုံးလုံး ထီလောင်း ကစားလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေး ငွေများနှင့်အတူ တွေ့ရှိဖမ်းမိခဲ့ သဖြင့် ဦးမောင်သန်းဆိုသူအား အုတ်တွင်း မြို့မရဲစခန်းတွင် လောင်းကစား ဥပဒေဖြင့်လည်း ကောင်း၊ အလားတူ ညနေ ၄ နာရီခွဲတွင် အုတ်တွင်းမြို့၊ ပဲခူး လမ်းရပ်ကွက်နေ ဦးမောင်မောင် ၏ နေအိမ်၌ နှစ်လုံးထီလောင်း ကစားနေကြောင်း သတင်းအရ အုတ်တွင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်ပေါ်၌ ၎င်း၏သမီးဖြစ်သူ ခင်ချောစု(၄၆)နှစ်ဆိုသူအား နှစ် လုံးထီလောင်းကစားရာတွင် အသုံး ပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ ရှိဖမ်းဆီးရမိခဲ့သဖြင့် ခင်ချောစု ဆိုသူအား အုတ်တွင်းမြို့မရဲစခန်း တွင် လောင်းကစားဥပဒေဖြင့် လည်းကောင်း အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*



## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ မော်တော်ဆိုင်ကယ် တိမ်းမှောက်၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ

**ပဲခူး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး၌ မော် တော်ဆိုင်ကယ် တိမ်းမှောက်၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၉ ရက် ညနေ ၄ နာရီ မိနစ် ၄၀တွင် ပဲခူး တိုင်းဒေသကြီး၊ ကျောက်တံခါး မြို့နယ်၊ ရန်ကုန်-မန္တလေး အမြန် လမ်းမကြီး မိုင်တိုင်အမှတ် ၈၁ မိုင် ၆ ဖာလုံအနီး၌ မော်တော် ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွား ကြောင်း သတင်းအရ မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ ဝင်များက သွားရောက်စစ်ဆေး ခဲ့ရာ ကျောက်တံခါးမြို့နယ်၊ ခင် တန်းကြီးကျေးရွာနေ ဦးမြင့်ဌေး (၅၁)နှစ်ဆိုသူ မောင်းနှင်ပြီး ၎င်း ၏ဇနီး ဒေါ်ခင်မာဆန်း(၄၂)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်သည် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ အနေး ယာဉ်ကြောအတိုင်း မောင်းနှင်လာ စဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက် ခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် ဒဏ်ရာ များ အသီးသီးရရှိခဲ့သောကြောင့် မြင့်ဌေးအား မြို့ချောင်းအမြန် လမ်းမကြီးရဲစခန်း ယာဉ်ဥပဒေ အရလည်းကောင်း၊ အမြန်လမ်းမ ကြီးပေါ်သို့ တက်ရောက်မောင်း နှင်ခွင့်မရှိသည့်ယာဉ်အား တက် ရောက်မောင်းနှင်ခဲ့မှုအား မြို့ ချောင်း အမြန်လမ်းမကြီးရဲစခန်း တွင် အမြန်လမ်းမကြီးများဥပဒေ အရလည်းကောင်း အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*



# ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်မှ နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်ခန့် သာရှိနိုင်သည်။

**မြူအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် တစ်ရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ မိုး/ဇလ



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

■ စာမျက်နှာ ၂၄ မှ

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ် အဆောက်အအုံတစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၀ လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၁ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၅၄၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုး မီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင် အဆောက်အအုံ ၈၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ယင်းအပြင် KK park နယ်မြေအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)တွင် အဓမ္မခိုင်းစေခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၁

အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)တွင် အဓမ္မခိုင်းစေခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့နေ ဓာဓာစန်းနှင့် ခင်ပွန်းဖြစ်သူ ခင်မောင်လွင်တို့က မြစ်သားမြို့နယ်နေ လူငယ်လေးဦးတို့ကို ၎င်း၏သားဖြစ်သူ လွင်မင်းထက်မှာ ကမ္ဘောဒီးယား Online Slot Game လုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေပြီး Slot Game လုပ်ငန်းပိုင်ရှင်နှင့် ရင်းနှီးကြောင်း၊ တစ်လလျှင် လစာငွေကျပ်သိန်း၄၀ ရရှိမည်ဖြစ်ကြောင်း၊ လမ်းစရိတ်အကုန်ကျခံပို့ဆောင်ပေးမည်ဖြစ်ကြောင်း စည်းရုံးပြောဆိုပြီး မန္တလေးလေဆိပ်မှတစ်ဆင့် တာချီလိတ်မြို့၊ တာချီလိတ်မြို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံ၊ ထိုင်းနိုင်ငံမှတစ်ဆင့် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ Slot Game အလုပ်ရုံသို့ အဆင့်ဆင့်ပို့ဆောင်ခဲ့ကြောင်း၊ လူငယ်လေးဦးအနက် တစ်ဦးမှာ ကွန်ပျူတာစာစီစာရိုက် မရသဖြင့် ခေါင်းဆောင်ဖြစ်သူ စွမ်းလင်းထက်က လမ်းစရိတ်ကုန်ကျငွေ ဒေါ်လာ ၁၉၀၀ ကို ဖုန်းအမှတ် ၀၉ ၇၆၇၇၀၄၄၁၀၊ Paing Thet Kyaw အမည်ဖြင့် ဖွင့်လှစ်ထားသည့် KBZ Pay Account သို့ ပေးလျော်ရန်၊ မပေးလျော်နိုင်ပါက ရောင်းစားမည်ဖြစ်ကြောင်းနှင့် ထွက်ပြေးပါက အစောင့်များက ကျဉ်စက်ဖြင့်တို့ပြီး ရိုက်နှက်နှိပ်စက်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ ကျန်လူငယ်သုံးဦးမှာ တစ်နေကုန်နားချိန်မရှိဘဲ Online မှ ငွေလိမ်သည့်အလုပ်များကို လုပ်ကိုင်ရကြောင်း၊ လိမ်လည်ရန် လူရှာမရပါက အကြိမ် ၂၀၀ ခန့် ဒိုက်ထိုးခိုင်းကြောင်း၊ ကွန်ပျူတာစာစီစာရိုက်မရသည့် လူငယ်၏အဖေက လျော်ကြေးငွေအဖြစ် မြန်မာငွေကျပ် ၁၀၅ သိန်းကို Paing Thet Kyaw Acc သို့ KBZ Pay ဖြင့် လွှဲပေးခဲ့ရာ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း စိစစ်သိရှိရသဖြင့် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မြစ်သားမြို့နယ် ကူမဲနယ်မြေရဲစခန်း(ပ)၅၁/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(ခ)ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဒီဇင်ဘာ ၃၀ ရက်တွင် ကျောက်ဆည်ခရိုင် တရားရုံးမှ ဖမ်းမိတရားခံ ဓာဓာစန်းနှင့် ခင်မောင်လွင်တို့နှစ်ဦးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၆ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ စွမ်းလင်းထက်၊ ပိုင်သက်ကျော်နှင့် လွင်မင်းထက်တို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## နည်းပြ မာရက်စကာအား နည်းပြရာထူးမှ ချဲလ်ဆီးအသင်း ထုတ်ပယ်

လန်ဒန် ဇန်နဝါရီ ၁

ချဲလ်ဆီးအသင်းသည် အသင်းနည်းပြ မာရက်စကာအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ချဲလ်ဆီးအသင်းသည် နောက်ဆုံးကစားခဲ့သည့် ပရီးမီးယားလိဂ် ခုနစ်ပွဲတွင် တစ်ပွဲသာ နိုင်ပွဲရရှိခဲ့ခြင်းကြောင့် နည်းပြ မာရက်စကာအား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မာရက်စကာသည် ချဲလ်ဆီးအသင်းအား ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၉၂ ပွဲတွင် ၅၅ ပွဲ နိုင်၊ ၁၆ ပွဲ သရေ၊ ၂၁ ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ချဲလ်ဆီးအသင်း ထုတ်ပြန်ချက်တွင် "နည်းပြ မာရက်စကာအား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။

(NGB)




## ဘရာဟင်မ်ဒီယက်ဇ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိ



**မက်ဒရစ် ဇန်နဝါရီ ၁**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းကွင်းလယ်တိုက်စစ်ကစားသမား ဘရာဟင်မ်ဒီယက်ဇ်ကို ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။ (ဝဲပုံ)

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၈ပွဲ ကစားကာ တစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း ထုတ်ပြန်ချက်တွင် "ဘရာဟင်မ်ဒီယက်ဇ်ကို စာချုပ်သက်တမ်းတိုးဖို့ သဘောတူညီမှုရရှိခဲ့ပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ" ဟု ထုတ်ပြန်ထားသည်။ (NGB)

## ပီဂျာနစ် ဘောလုံးကစားသမားဘဝမှ အနားယူ



**လန်ဒန် ဇန်နဝါရီ ၁**

ရိုးမားအသင်းနှင့် ဘော့စနီးယား ကွင်းလယ်ကစားသမားဟောင်း ပီဂျာနစ်သည် ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ရိုးမား၊ ဂျူဗင်တပ်၊ ဘာစီလိုနာ၊ လိုင်ယွန်၊ မက်ဇ်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်ကစားပြီး စီးရီးအေဖလား လေးကြိမ်၊ စပိန်ဘုရင့်ဖလား တစ်ကြိမ်၊ ကိုပါအီတာလီယာဖလားနှစ်ကြိမ်၊ အီတာလီစူပါဖလား တစ်ကြိမ်၊ တူရကီစူပါဖလား တစ်ကြိမ်တို့ကို ဆွတ်ခူးခဲ့သည်။

နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဘော့စနီးယားအသင်းနှင့်လည်း ၂၀၀၈ မှ ၂၀၂၄ ခုနှစ်အထိ ပြိုင်ပွဲ ၁၁၅ပွဲ ကစားကာ ၁၈ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၃၅)နှစ်အရွယ်ရှိ ပီဂျာနစ်က "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ (အပေါ်ပုံ) (NGB)

## ဗွိဒိုရှိဒရီဂွက်ဇ် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာသွားမည်

**လန်ဒန် ဇန်နဝါရီ ၁**

ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ဗွိဒိုရှိဒရီဂွက်ဇ်သည် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အဆိုပါကွင်းလယ်ကစားသမားသည် ဝက်စ်ဟမ်းအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိခြင်းကြောင့် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဗွိဒိုရှိဒရီဂွက်ဇ်သည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉ပွဲ ကစားထားသည်။

ထို့ကြောင့် ဗွိဒိုရှိဒရီဂွက်ဇ်အနေဖြင့် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## မက်ဂနက်စ်အက်ကလီယူချိုကို ခေါ်ယူရန် စပါးအသင်းစီစဉ်

**လန်ဒန် ဇန်နဝါရီ ၁**

စပါးအသင်းသည် မိုနာကိုအသင်း ကွင်းလယ်ကစားသမား မက်ကနက်စ်အက်ကလီယူချိုကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မိုနာကိုအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၈ပွဲကစားပြီး ၁၉ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

မိုနာကိုအသင်းကလည်း မက်ကနက်စ်အက်ကလီယူချိအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။



ထို့ကြောင့် စပါးအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် မိုနာကိုအသင်းထံမှ မက်ကနက်စ်အက်ကလီယူချိုကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* မန်ယူအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း တိုက်စစ်မှူး မာတီတာကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

* မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက မိမိတို့အသင်းအနေဖြင့် ဘုန်းမောက်အသင်းတိုက်စစ်မှူး ဆီမီညိုကို ခေါ်ယူမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

(NGB)

## အာဖရိကနိုင်ငံများဖလား ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် ဇန်နဝါရီ ၁**

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ၁၆သင်း ရှုံးထွက်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။




အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်တွင် မာလီအသင်းနှင့် တူနီးရှားအသင်း၊ ဆီနီဂေါအသင်းနှင့် ဆူဒန်အသင်း၊ အီဂျစ်အသင်းနှင့် ဘီနင်အသင်း၊ ဘာကီနာဖာဆိုအသင်းနှင့် အိုင်ဗရီကို့စ်အသင်း၊ အယ်လ်ဂျီးရီးယားအသင်းနှင့် DR ကွန်ဂိုအသင်း၊ နိုက်ဂျီးရီးယားအသင်းနှင့် မိုဇမ်ဘစ်အသင်း၊ တောင်အာဖရိကအသင်းနှင့် ကင်းမရွန်းအသင်း၊ မော်ရိုကိုအသင်းနှင့် တန်ဇန်းနီးယားအသင်းတို့ အသီးသီး တွေ့ဆုံလျက်ရှိသည်။

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့် ပွဲစဉ်များကို လာမည့် ဇန်နဝါရီ(၃၊ ၄၊ ၅၊ ၆၊ ၇)ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးရန် ဆီနီဂေါအသင်းနှင့် အီဂျစ်အသင်းတို့က ရေပန်းစားလျက်ရှိသည်။

(ဝဲပုံ)

(NGB)

## 2026 Adelaide International တင်းနစ်ပြိုင်ပွဲ ဇန်နဝါရီ ၁၂ ရက်တွင် စတင်မည်

**အဒီးလိတ် ဇန်နဝါရီ ၁**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော နာမည်ကျော်တင်းနစ်ပြိုင်ပွဲတစ်ခုဖြစ်သည့် 2026 Adelaide International တင်းနစ်ပြိုင်ပွဲသည် လာမည့် ဇန်နဝါရီ ၁၂ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Adelaide International တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Adelaide International တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများနှင့် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Adelaide International တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ကနေဒါတင်းနစ်ကစားသမား Felix Auger-Aliassime နှင့် အမေရိကန်တင်းနစ်မယ် Madison Keys တို့ ဖြစ်သည်။

(အောက်ပုံ) (NGB)



## ဂျိုစ်ကူလန် ဒူးအရွတ်ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၁**

ဘန်လေအသင်း ကွင်းလယ်ကစားသမား ဂျိုစ်ကူလန်သည် ဒူးအရွတ်ဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘန်လေအသင်းနှင့် အဲဗာတန်အသင်းတို့၏ ဂိုးမရှိသရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျိုစ်ကူလန်သည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘန်လေအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ (ယာပုံ)

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျိုစ်ကူလန်သည် ဘန်လေအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၀ပွဲ ကစားကာ ခုနစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ (NGB)



### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၃-၁-၂၀၂၆ | (၈)တူးလော့ - လန်းစ်(၁) | တူးလော့ ၁-၁ လန်းစ် | တူးလော့(အိမ်) | ၈ | ၃ | ၃ | ၂ | ၁၄ | ၁၁ |
| နံနက် ၀၂:၁၅ နာရီ | (D,L,D,W,W) (W,W,W,W,W) | လန်းစ် ၀-၁ တူးလော့ | လန်းစ်(ဧည့်) | ၈ | ၅ | ၁ | ၂ | ၁၂ | ၉ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၃-၁-၂၀၂၆ | (၁၄)ကယ်ဂလီယာရီ - အေစီမီလန်(၂) | ကယ်ဂလီယာရီ ၃-၃ အေစီမီလန် | ကယ်ဂလီယာရီ(အိမ်) | ၈ | ၂ | ၃ | ၃ | ၁၀ | ၁၂ |
| နံနက် ၀၂:၁၅ နာရီ | (L,W,L,D,W) (W,W,W,D,W) | အေစီမီလန် ၁-၁ ကယ်ဂလီယာရီ | အေစီမီလန်(ဧည့်) | ၇ | ၄ | ၃ | - | ၁၂ | ၅ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၃-၁-၂၀၂၆ | (၁၅)ဗယ်လက်ကာနို - ဂီတာဖေး(၁၁) | ဗယ်လက်ကာနို ၁-၀ ဂီတာဖေး | ဗယ်လက်ကာနို(အိမ်) | ၇ | ၁ | ၅ | ၁ | ၄ | ၄ |
| နံနက် ၀၂:၃၀ နာရီ | (W,D,L,W,L) (D,D,W,W,L) | ဂီတာဖေး ၀-၀ ဗယ်လက်ကာနို | ဂီတာဖေး(ဧည့်) | ၉ | ၃ | - | ၆ | ၆ | ၁၆ |

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၂၅)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၂၅)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များထောက်ပံ့ခြင်းကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနရုံး(မနော်ရမ္မ)တွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၂၅)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ မုန်လာဥ အစည်း ၄၅၀၊ မုန်ညင်း ၁၁၅ စည်း၊ ကြက်သွန်မိတ် အစည်း ၁၀၀ ၊ ဆလတ် အစည်း ၁၀၀ ၊ ကန်စွန်းရွက် အစည်း ၈၀၊ ခရမ်းသီး ၂၅ ထုတ်နှင့် ငွေနှင်းမှို ၅ ဒသမ ၅ ပိဿာ တို့ကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဝန်ထမ်းများနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက အချိုးကျ ခွဲဝေထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။



(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)



# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**အောင်လံ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၈ နာရီက အောင်လံမြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝင်းအတွင်း ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက ပြိုင်ပွဲနှင့်ပတ်သက်ပြီး စည်းမျဉ်း၊ စည်းကမ်းများ ပြောကြားခဲ့သည်။

အဆိုပါ အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြရာ အုပ်စုနှစ်စုခွဲ၍ ပြိုင်ပွဲအား ပတ်လည်ယှဉ်ပြိုင်ခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**အာကာ(ပြန်/ဆက်)**

*- *- *- *- *- *- *

# မြို့ချင်းဆက်လမ်းပိုင်းတာပေါင် ပြန်လည်ပြုပြင်ပေးခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ကျောက်ဆည် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာနမှ မြို့နယ်အတွင်း ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး ဘဏ္ဍာနှစ်အလိုက် လိုအပ်သည့်လမ်း၊ တံတားများအား ပြန်လည်ပြုပြင်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရေတိုက်စားသွားသည့် ကျောက်ဆည်မြို့နှင့် တံတားဦးမြို့တို့အား ဆက်သွယ်ထားသောလမ်းမှ လမ်းပိုင်းတာပေါင်အား ပြန်လည်ပြုပြင်ပေးခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားသည့်အတွက် ကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့လျက်ရှိသည်။

ပျက်စီးသွားသည့် လမ်းတာပေါင်သည် ဒွေလှကျေးရွာအနီး ၁၄ ကီလိုမီတာနှင့် ၁၆ ဒသမ ၄၉ ကီလိုမီတာအတွင်း လမ်းတာပေါင်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်းခန့်မှန်း ခွင့်ပြုရန်ပုံငွေကျပ် ၁၁၀ ဒသမ ၅ သန်းဖြင့် အရှည် ၁ ဒသမ ၇ ကီလိုမီတာ၊ ပျမ်းမျှအကျယ် ၁ ဒသမ ၈၃ မီတာရှိ လမ်းတာပေါင်အား မြို့နယ်လမ်းဦးစီးဌာနမှ ပြန်လည်ပြုပြင်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါလမ်းသည် ကျောက်ဆည်မြို့နှင့် တံတားဦးမြို့တို့အား ဆက်သွယ်ထားသည့်လမ်းမကြီးဖြစ်သောကြောင့် လမ်းအသုံးပြုသည့် ဒေသခံပြည်သူများ များပြားပြီး လူမှုရေး၊စီးပွားရေး၊ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများ အသုံးပြုရာ၌ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်သည့်အတွက် များစွာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(၄၈၅)

# မိုင်းယောင်းမြို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းယောင်း ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့က အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။ **(အောက်ပုံ)**



မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ကင်းစင်ရေးအတွက်နှုန်းပန်းတိုင်ပြည့်မီရေးနှင့် လူငယ်ရေးရာ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာသိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(၅၀၅)

# ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**သာစည် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် သပြေဝကျေးရွာအုပ်စု၊ မြို့ကြီးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ မြို့ကြီးကုန်းကျေးရွာ ကုန်ထုတ်လမ်း အရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ ဂျင်းကျောက် ကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။ **(အောက်ပုံ)**

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၇၀၉ သန်းဖြင့် ရွှေဘိုကုမ္ပဏီမှ တာဝန်ယူ၍ ယခုဘဏ္ဍာနှစ် ဇွန်လပထမအပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီးဖြစ်ကြောင်း အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး၍ မြို့ကြီးကုန်းကျေးရွာရှိ တောင်သူများ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။ **အောင်ရဲကျော်**



# ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းနေမှု စစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၁**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု အထွေထွေ ပိုလျှံရန်ပုံငွေ Quick Win အစီအစဉ်ဖြင့် မော်ဖောင်းကျေးရွာ၌ ကုန်ထုတ်လမ်း ကျောက်ရောမြေ ခင်းနေမှု အခြေအနေများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှနှင့် တာဝန်ရှိသူများက လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ မော်ဖောင်းကျေးရွာ၌ ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မော်ဖောင်းကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်ပေ ၄၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ကျောက်ရောမြေခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေ ပိုလျှံရန်ပုံငွေကျပ်သန်း ၂၆၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက မော်ဖောင်းကျေးရွာနေပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များဆောင်ရွက်ရာ၌ ယခင်ကထက် လွယ်ကူအဆင်ပြေမည် ဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

*- *- *- *- *

*- *- *- *- *- *- *



## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်လံသား စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစု၏ စပါးကြိတ်ခွဲသန့်စင်စက် ဖွင့်ပွဲကျင်းပ

**အောင်လံ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၊ ဒုရင်္ဂဗိုလ်ကျေးရွာတွင် 'အောင်လံသား' စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစု၏ စပါးကြိတ်ခွဲသန့်စင်စက် ဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီခဲ့သည့် ဘင်ခရာအဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများပေးအပ်ကာ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့သည်။ (ဝဲပုံ)

ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ် အခမ်းအနားကို ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ 'အောင်လံသား' စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစု ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ကျေးရွာမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**အာကာ(ပြန်/ဆက်)**



## ငွေရတုအထိမ်းအမှတ် အရှင်ခေမာစာရ(မန်းရေတံခွန်) ရေးသားစပ်ဆိုသော "ဝိပဿနာပျို့ကဗျာ" စာအုပ်စာပေမိတ်ဆက်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေတံခွန်တောင်ခြေရှိ သစ္စာဝေဒဂူရိပ်သာ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အရှင်ခေမာစာရ(မန်းရေတံခွန်) ရေးသားစပ်ဆိုသော 'ဝိပဿနာပျို့ကဗျာ'စာအုပ်စာပေ မိတ်ဆက်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါ သစ္စာဝေဒဂူရိပ်သာ ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

မိတ်ဆက်ပွဲတွင် အခမ်းအနားမှူးအဖြစ် စာရေးဆရာ ဆရာနိုင်စေရ(မန်းတက္ကသိုလ်) က ဆောင်ရွက်ကြပြီး ရေတံခွန်တောင် သစ္စာဝေဒဂူမိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာပဓာနနာယက အမှတ်(၂၃) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် သစ္စရေတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ၊ ရဟန်းစာဆို အရှင်ခေမာစာရ (မန်းရေတံခွန်)က စာအုပ် မိတ်ဆက်နိဒါန်း ဩဝါဒကထာ မြွက်ကြားခဲ့သည်။

ထို့နောက် ရဟန်းစာဆို အရှင်ခေမာစာရ(မန်းရေတံခွန်) ရေးဖွဲ့ပြုစုအပ်သော 'ဝိပဿနာပျို့ကဗျာ'စာအုပ် ဆွေးနွေးဝေဖန်ချက် စာတမ်းဖတ်ပွဲနှင့်စပ်လျဉ်း၍ ဆရာနိုင်စေရ(မန်းတက္ကသိုလ်) က ရှင်းလင်းတင်ပြခြင်း၊ ဆွေးနွေးဝေဖန်ချက်စာတမ်းများ ဖတ်ကြားခြင်း၊ စာတမ်းရှင်များ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းများကို စာရေးဆရာ စောချိုသာက ဖတ်ကြားတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ 'ဝိပဿနာပျို့ကဗျာ'စာအုပ်ကို ရဟန်းစာဆို တက္ကသိုလ် တေဇလင်း၊ ရဟန်းစာဆို ဝိုင်းကြည်ဖြူ(နောင်ချို)၊ ယောဂီ ဒေါ်ခင်ညိုညို (သစ္စဝေဒဂူ)၊ စာရေးဆရာ ဝင်းသိင်္ဂီနွယ်(ဓမ္မာစရိယ)၊ ဆရာသိန်းသန်းဝင်း(မလှိုင်)၊ ဆရာခင်မောင်နှင်း (ကျောက်ပန်းတောင်း)၊ ဆရာမ မသစ္စာ(ယောဂီကိုယ်တွေ့)၊ ဆရာမောင်ရန်ရှင်း(ရန်ကင်းတောင်)၊ ဆရာပန်းသစ္စာ (ပုသိမ်ကြီး)၊ ကဗျာဆရာ မောင်သွေးစစ်(နန္ဒာဦး)၊ ဆရာတော် ဘဒ္ဒန္တဣန္ဒာစက္က(သစ္စဝေဒဂူ)၊ ဆရာမ ခင်ဆွေလှိုင်(ပန်းချီ)၊ ဆရာစောနန်းမြေအောင်၊ ဆရာကိုကြည်လင်(တိုက်ကြီး)၊ ဆရာမာဃိန္ဒ(ပုသိမ်ကြီး)တို့က ဗုဒ္ဓစာပေရှုထောင့်မှလည်းကောင်း၊ ဝိပဿနာ ရှုထောင့်မှလည်းကောင်း ဝေဖန်သုံးသပ်တင်ပြကြပြီး ရဟန်းစာဆို အရှင်ခေမာစာရ (မန်းရေတံခွန်) က စာတမ်းများ ဖတ်ကြားခြင်းအတွက် သရဏီယကထာ မြွက်ကြားခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ စာအုပ်လက်ဆောင်နှင့် ငွေရတုကံစမ်းမဲ လက်ဆောင်ပေးခြင်း၊ နံနက်စာဖြင့် ဧည့်ခံကျွေးမွေးခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ မိတ်ဆက်ပွဲသို့ မန္တလေး(၆)မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၀၇၀)

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**အမရပူရ ဇန်နဝါရီ ၁**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီက အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယာယီအစည်းအဝေးခန်းမ၌ ကျင်းပရာ အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရာတွင် ယခင်နှစ် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ယခုနှစ်တွင် ပိုမိုစည်ကားသိုက်မြိုက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲ၊ ရွှင်ပွဲများ ကျင်းပရာတွင် သက်ဆိုင်ရာ ကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ မြို့နေပြည်သူများ စည်းလုံးပျော်ရွှင်စွာဖြင့် ကစားနိုင်သည့် အားကစားနည်းများကို ထည့်သွင်းကျင်းပရန် ပြောကြားသည်။

ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် ဌာနများအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးအကြံပြုတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၈၄)



## U-25 နှစ်အောက် အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**ကန့်ဘလူ ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် ဒီဇင်ဘာ အားကစားလ လူထုလှုပ်ရှားမှု အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက U- 25 နှစ်အောက် အမျိုးသမီးဖူဆယ်ဘောလုံး အားကစားပြိုင်ပွဲကို ကန့်ဘလူမြို့ မိုးလုံ၊ လေလုံအားကစားခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မြင့်မိုရ်ကိုယ်ပိုင်အထက်တန်းကျောင်းအသင်းနှင့် အ·ထ·က(ခွဲ)ညောင်အိုင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အ·ထ·က(ခွဲ) ညောင်အိုင်အသင်းက နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ရတနာပုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၇ နာရီခွဲမှ စတင်၍ အဆိုပါ တက္ကသိုလ်ရှိ ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၁၀၀ လေးဦး လက်ဆင့်ကမ်း၊ မီတာ ၂၀၀ လေးဦး လက်ဆင့်ကမ်း၊ သံလုံးပစ်၊ သံပြားဝိုင်းပစ်၊ လှံတံပစ် စသည့် အားကစားနည်းများအလိုက် ပြိုင်ပွဲများကို ကျင်းပရာ ပြိုင်ပွဲဝင်အားကစားသမားများ၏ ယှဉ်ပြိုင်မှုအား ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာမာလာယုအောင်၊ ဒေါက်တာ ဦးဝင်းနိုင်၊ ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ပြေးခုန်ပစ်အားကစားဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာသိမ့်အိအိခိုင်နှင့်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်စွာ အားပေးကြည့်ရှုကြသည်။ (အောက်ပုံ)

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပြေးခုန်ပစ်အားကစားဆပ်ကော်မတီဥက္ကဋ္ဌတို့က အားကစားနည်းများအလိုက် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရ အားကစားသမားများကို တစ်ဦးချင်းဆုများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။(၀၈၂)



# အစဉ်အလာ မပျက်ပါပြီ

မီဒီယာ

မန္တလေးမြို့တော်ကြီးသည် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်က မင်းတုန်းမင်းတရားကြီး တည်ထားခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၁၆၆ နှစ်တိုင်ခဲ့ပြီ ဖြစ်သည်။ မင်းတုန်းမင်းတရားကြီး၏လက်ထက်တော်ကတည်းကပင် မန္တလေးမြို့တော်ကြီး သန့်ရှင်းသာယာလှပအောင် စည်ပင်သာယာရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ခဲ့သည်။ အမှုထမ်း၊ အရာထမ်းများကိုလည်း ခန့်ထားစီမံဆောင်ရွက်ခဲ့သည့် အစဉ်အလာရှိသည်။

၁၈၈၇ ခုနှစ်က မန္တလေးမြူနီစီပယ် ၁၉၉၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဟူ၍ အမည်သညာပြောင်းလဲခေါ်ဝေါ်ခြင်းနှင့်အတူ ပိုမိုဆောင်ရွက်နိုင်သော၊ ပိုမိုကောင်းမွန်သော၊ ပို၍ပို၍ကောင်းမြတ်သောစေတနာရည်ရွယ်ချက်များဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကြီးကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသော လူဦးရေ၊ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကျယ်ပြန့်လာသော မြို့ဧရိယာ၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုလာသော လူနေတိုက်တာအိမ်ခြေများ၊ တစ်နှစ်ထက်တစ်နှစ် များပြားလာသော မော်တော်ယာဉ်များ၊ လမ်းအသုံးပြုသူများအတွက် အဆင်ပြေချောမွေ့အောင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအား တာဝန်ပေးအပ်၍ စီမံဆောင်ရွက်ပေးစေခြင်းပင် ဖြစ်သည်။

လျင်မြန်စွာ ဖွံ့ဖြိုးလာသော မြို့ပြတစ်ခုအတွက် လိုအပ်ချက်များသည်လည်း လွန်စွာများပြားလှသည်ကို တွေ့ရမည်ဖြစ်သည်။ မြို့နေလူထုအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ များပြားလာသဖြင့် စနစ်ကျနမှုရှိစေရေး၊ ပိုင်ဆိုင်မှုအထောက်အထားပြည့်စုံရေး၊ ကျန်းမာမှုနှင့်ပြည့်ဝစေရန် ရေဆိုးထုတ်မြောင်းနှင့် ရေဆိုးစွန့်ပစ်စနစ်များ၊ အများပြည်သူသုံးစွဲသည့်လမ်းများ အဆင့်မြှင့်တင်ရေး၊ တစ်မြို့လုံးမှ စွန့်ပစ်သောအမှိုက်နှင့် အညစ်အကြေးများ သိမ်းဆည်း၍ စနစ်တကျ စွန့်ပစ်ရေး၊ လျှပ်စစ်မီး အဆင်ပြေရေး၊ လိုအပ်သောမြို့ကွက်သစ်ဖော်ထုတ်ရေး၊ မြို့နေလူထုအား သိသင့်သိထိုက်သော သတင်းအချက်အလက်များ သိစေရန် ဗဟုသုတများ တိုးပွားစေရန် သတင်းစာထုတ်ဝေခြင်း၊ သန့်ရှင်းသော ရေပေးဝေခြင်း စသည့် များပြားလှသည့် တာဝန်များကို ရှိသည့်




ဝန်ထမ်းအင်အားဖြင့် နေ့မနား ညမအား ဆောင်ရွက်ပေးလျက်ရှိသည်မှာလည်း အများပြည်သူ မြို့နေလူထုအသိပင် ဖြစ်သည်။

**“မန္တလေးမြို့တော် သန့်ရှင်းရမည်။**
**မန္တလေးမြို့တော် သာယာလှပရမည်။**
**မြို့တော်နေလူထု စိတ်ချမ်းသာရမည်။”**

ဟူသော ကောင်းမြတ်သည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ မန္တလေးမြို့ကြီးသည် မိသားစုတစ်စု၊ အိမ်ထောင်စုတစ်စုဟု ဆိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကြီးသည် အိမ်ထောင်ဦးစီးဟု ဆိုရမည်ဖြစ်ပေသည်။ မြို့တစ်မြို့လုံးအတွက် လိုအပ်ချက်မှန်သမျှကို အိမ်ထောင်ဦးစီးနှင့်တူသော မြို့တော်စည်ပင်သာယာရေးကော်မတီက ဖြည့်ဆည်းဆောင်ရွက်ပေးရမည်သာဖြစ်သည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့နေလူထုအတွက် မြောက်မြားလှစွာသောကိစ္စများကို ဆောင်ရွက်ပေးနေသည့်အပြင် သိသင့်သိထိုက်သော သတင်းအချက်အလက်၊ ထုတ်ပြန်ကြေညာချက်များကို သတင်းစာအဖြစ် ထုတ်ဝေပေးနေရုံသာမက နှစ်စဉ် နှစ်ပတ်လည်နေ့အမီ မဂ္ဂဇင်းတစ်အုပ်ကို ထုတ်ဝေဖြန့်ချိပေးလျက်ရှိသည်မှာလည်း အစဉ်အလာပင်ဖြစ်သည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်မဂ္ဂဇင်း ခန့်ထည်ပီပြင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

မဂ္ဂဇင်းအသွင်အပြင်မှာ ခန့်ထည်ဝင့်ကြွားလှသည်။ တစ်အုပ်လုံးအကောင်းစားကြွေသားစက္ကူဖြင့် ထုတ်ဝေထားသည်။ ဒေါ်နွယ်နွယ်ထွန်း(ညွှန်ကြားရေးမှူး-ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန)က စီစဉ်ထုတ်ဝေပြီး စာတည်းအဖွဲ့အနေဖြင့် နိုင်ကမ္ဘာ၊ တင်တင်အောင်၊ စန္ဒာကိုလေး၊ အောင်မင်းဦး၊ လှဘုန်းတို့က ဆောင်ရွက်ပြီး ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၁၂၈၁)ဖြင့် ထုတ်ဝေထားသည်။ စာအုပ်ဒီဇိုင်းအပြင်အဆင်ကို အောင်မျိုးမြတ်(မန္တလေး)က ဆောင်ရွက်ပြီး သရုပ်ဖော်ပန်းချီကို နေမျိုး၊ သွယ်အောင်၊ ခင်ဆွေလှိုင်(ပန်းချီ)တို့က ပညာစွမ်းပြထားသည်။ ကဗျာ ၂၇ ပုဒ်၊ ဆောင်းပါး ၃၄ ပုဒ်၊ ဝတ္ထုတို ၇ ပုဒ်၊ ဝတ္ထုရှည် တစ်ပုဒ်၊ ကာတွန်း ၁၁ ကွက်တို့အပြင် ဟာသတစ်ပုဒ်လည်း ပါဝင်သေးသည်။

မဂ္ဂဇင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဌာနများ၏ လုပ်ဆောင်ချက်များအကြောင်း ဗဟုသုတများ၏ သုတရဖွယ်စာများအပြင် ပြင်ပစာရေးဆရာများ၏ သုတရသစာပေများ စုံလင်စွာပါရှိသည်။ ထူးခြားချက်မှာ မန္တလေးငလျင်ကြီးနှင့်ပတ်သက်သော အချက်များ၊ ကူညီကယ်ဆယ်ထောက်ပံ့ဆောင်ရွက်ခဲ့မှုများနှင့် မန္တလေးတက္ကသိုလ် နှစ်တစ်ရာတို့နှင့်ပတ်သက်သည့် ဖတ်ရှုစရာများလည်း ပါဝင်သည်။

သုတရသစုံလင်လှသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်မဂ္ဂဇင်းသည် အကြောင်းအရာစုံ ပါဝင်သည့်အပြင် အခြေအနေအရ မဂ္ဂဇင်းဂျာနယ်များ ထွက်ရှိမှုအားနည်းသောကာလတွင် စာရေးဆရာများအတွက် ရေးသားခွင့်တစ်ခု ဖန်တီးပေးလိုက်သလိုလည်းဖြစ်ခဲ့သဖြင့် မင်္ဂလာရှိလှသည်။ အစဉ်အလာမပျက်စွာ မင်္ဂလာနှင့် နှစ်သစ်မှာ ထွက်ပေါ်လာသည့် မဂ္ဂဇင်းဟု ဆိုချင်ပါတော့သည်။

# စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့

ယနေ့ကမ္ဘာသည် နေ့ချင်းညချင်း ဖွံ့ဖြိုးတိုးတက်နေသောကြောင့် ဤကမ္ဘာတွင် နေထိုင်သော လူသားတိုင်းသည် တိုးတက်နေသော ကမ္ဘာကို အမီလိုက်နိုင်ရန် နေ့ညမရွေးလုပ်ငန်းဆောင်တာများကို စိတ်ရှိသ၍ လုပ်ဆောင်နေကြသည်။ သို့သော် မိမိ၏ကျန်းမာရေးကို ဂရုစိုက်ရန် မေ့လျော့နေတတ်ကြသည်။ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ခြင်းမရှိဘဲ စိတ်အလိုလိုက်ပြီး နေထိုင်တတ်ကြသည်။ ထို့ကြောင့် တဖြည်းဖြည်း ကျန်းမာရေးချူချာလာပြီး လောကကြီးမှ စောစီးစွာ ထွက်ခွာသွားရလေ့ရှိသည်။ လူတိုင်းအတွက် ကျန်းမာရေးသည် အရေးကြီး၏။ “ကျန်းမာရေး”ဟု ဆိုရာ၌ စိတ်ရောကိုယ်ပါကျန်းမာရန် လိုအပ်ပါသည်။ ကိုယ်ကျန်းမာမှ မိမိဆန္ဒရှိသော လုပ်ငန်းဆောင်တာများကို စိတ်ရှိသ၍ လုပ်ဆောင်နိုင်မည်။ ကျန်းမာရေးသည် လူတိုင်းအတွက် အရေးပါသည်။ လူတိုင်းသည် မိမိလုပ်ငန်းများ ပိုမိုတိုး၍ လုပ်ဆောင်နိုင်စေခြင်းအကျိုးငှာ ကျန်းမာရေးကောင်းမွန်စေရန်၊ အသက်ရှည်စေရန် ကိုယ်လက်လှုပ်ရှားအားကစားတစ်ခုခု လုပ်ဆောင်သင့်သည်။ အချိန်မရဟုဆိုလျှင် အနည်းဆုံး လမ်းလျှောက်သင့်ပေသည်။ လူသားတိုင်း ပိုင်ဆိုင်ထားသော တစ်နေ့လျှင် (၂၄)နာရီအတွင်းမှ မိနစ်(၃၀)ခန့် လမ်းလျှောက်သင့်ပေသည်။

ကျွန်မတို့ကျောင်းသူအရွယ် ခပ်ငယ်ငယ်က ဆောင်းတွင်းပိုင်းရောက်သည်နှင့် နံနက်စောစော “စောစောအိပ်လို့၊ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့” ဟူသောနှိုးဆော်သံကို တက္ကသိုလ်ဝင်းထဲရှိ အားကစားအဖွဲ့ လူငယ်အချို့က ခေါင်းဆောင်ပြီး အသံပေးသည့်အခါ ကျွန်မတို့အမျိုးသမီးဆောင်တွင် ကျွန်မက ဦးဆောင်ပြီး အိပ်ရာမှထကြရန် နှိုးဆော်ခဲ့သည်။ သက်ဆိုင်ရာအားကစားအဖွဲ့များ လူငယ်၊ လူရွယ်အဖွဲ့များကလည်း ရပ်ကွက်ထဲ၊ လမ်းထဲတွင် အသံချဲ့စက်ဖြင့် အသံပေး၍ နှိုးဆော်ကြလေ့ရှိသည်။

ထိုသီချင်းသံများသည် ယနေ့အခါ ဆောင်းတွင်းပိုင်းရောက်သည်နှင့် ပြန်ပေါ်လာခဲ့လေပြီ။ ကျန်းမာရေးအသိဖြင့် မြန်မာ့ဓလေ့အတိုင်း စောစောအိပ်ပါမှ စောစောထ၍ ရသည်။ စောစောထပါမှ လမ်းလျှောက်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း၊ အားကစားတစ်ခုခု လေ့ကျင့်ခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ပေမည်။ ကိုယ်ကာယလေ့ကျင့်ကစားပါမှ ခန္ဓာကိုယ်ကျန်းမာမည်။ ကျန်းမာမှ အလုပ်လုပ်ကိုင်နိုင်မည်။ အလုပ်လုပ်ပါမှ မိမိစီးပွားရေးသာမက နိုင်ငံ့စီးပွားရေးပါ ဖွံ့ဖြိုးတိုးတက်နိုင်ပေမည်။ တက္ကသိုလ်ကျောင်းသူဘဝတွင် တစ်ဖက်မှကျောင်းပညာစာပေတို့ကို နေ့ညမအား ကြိုးစားအားထုတ်ရင်း တစ်ဖက်မှ အထွေထွေဗဟုသုတအဖြစ် စာပေစုံကို လေ့လာခွင့် ရရှိခဲ့ပါသည်။ အထူးသဖြင့် ကျွန်မ၏ကျန်းမာရေးကို ယခုတိုင်အကျိုးပြုသည်မှာ ကျန်းမာရေးအသိပညာပင်ဖြစ်သည်။ ကျွန်မသည် ကျန်းမာစေရန် နေ့စဉ် တစ်နာရီခန့် အချိန်ပေး၍ လမ်းလျှောက်လေ့ရှိသည်။

လမ်းလျှောက်ခြင်းသည် မည်သည့်အချိန်၊ မည်သည့်နေ့ရက်၊ မည်သည့်ရာသီတွင် လျှောက်ရမည်ဟု ကန့်သတ်ချက်များမရှိပါ။ လူတစ်ဦးသည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာနေမှသာလျှင် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ကိုယ်လက်လှုပ်ရှားမှုနည်းသော မြို့ပြနေဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ အသက်(၃၅)အထက်ကျော်လာသူများသည် နေ့စဉ်လမ်းလျှောက်သင့်ပေသည်။ လမ်းလျှောက်ခြင်းသည် လွတ်လပ်ပေါ့ပါးပြီး လုပ်ဆောင်ရလွယ်ကူသော လေ့ကျင့်ခန်းပုံစံဖြစ်သည်။ ကျန်းမာရေးကို အထောက်အကူပြုသည်။ ပုံမှန်လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါသည်။

လမ်းလျှောက်ခြင်းကြောင့် နှလုံးအားကောင်းစေခြင်း၊ အထွေထွေရောဂါဖြစ်ပွားမှုကိုလျှော့ချနိုင်ခြင်း၊ ကိုယ်ခန္ဓာအလေးချိန်ထိန်းထားခြင်း၊ သွေးချိုရောဂါကာကွယ်နိုင်ခြင်း၊ အရိုးပွရောဂါကာကွယ်နိုင်ခြင်း၊ ကိုယ်ခံစွမ်းအားတိုးမြှင့်ပေးနိုင်ခြင်း၊ ခြေထောက်များ၏လှုပ်ရှားမှု ဟန်ချက်ထိန်းနိုင်ခြင်း၊ လက်မောင်းများ တောင့်တင်းသန်မာလာခြင်းနှင့် ဗီတာမင်ဒီ သိုလှောင်နိုင်မှုမြှင့်တင်ပေးနိုင်ခြင်းစသော အကျိုးကျေးဇူးများစွာ ရရှိပါသည်ဟု ဆေးဘက်ဆိုင်ရာပညာရှင်များက အကြံပြုပေးထားသည်။ ထိုမျှအကျိုးကျေးဇူးများပြားလှသော လမ်းလျှောက်ခြင်းအားကစားကို လူတိုင်း လုပ်ဆောင်သင့်ပေသည်။

လူတစ်ဦး၏အခြေအနေပေးမှုအရ လမ်းလျှောက်ခြင်းသာမက အိမ်တွင်းလေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်း၊ ဘောလုံးကစားခြင်း၊ ခြင်းခတ်ခြင်း၊ ကြက်တောင်ရိုက်ခြင်းစသည်တို့ကို မိမိခြံဝင်းကွက်လပ်စသည်တို့တွင် ပုံမှန်ကစားခြင်းသည်လည်း နေ့စဉ်မပြတ် ရက်ဆက်လေ့ကျင့်ကစားခြင်းဖြင့် ကျန်းမာရေးအတွက် အကျိုးရှိစေသည်။

နွေရာသီတွင် ရေကူးကစားခြင်း၊ လှေလှော်ကစားခြင်း၊ အဖွဲ့လိုက်လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ခပ်ရွရွပုံမှန်ပြေးကစားခြင်းစသည်တို့သည်လည်း ပုံမှန်ကစားနိုင်ပါက ကျန်းမာရေးအတွက် အထောက်အကူဖြစ်ရုံသာမက လူမှုဆက်ဆံရေးအတွက်ပါ ကောင်းမွန်သည်။

ပြည်သူအားလုံး၏ ကျန်းမာရေးသည် တိုင်းပြည်တစ်ခုအတွက် များစွာအရေးကြီးလှသည်။ ကျွန်မတို့မြန်မာနိုင်ငံသည် သဘာဝသယံဇာတကြွယ်ဝလှသည်။ ရှိရင်းစွဲမြေသယံဇာတတို့ကို အကျိုးရှိရှိအသုံးချ၍ ကုန်ထုတ်လုပ်မှုစွမ်းအားကို တိုးတက်အောင်ကြိုးပမ်းခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေနိုင်သည်။ ထိုသို့ဖြစ်ရန် လူသားအရင်းအမြစ်မှာ မရှိမဖြစ်အလိုအပ်ဆုံးဖြစ်သည်။ ကျန်းမာသန်စွမ်းပြီး အတတ်ပညာသာမက အသိပညာပါတိုးတက်ပါမှ နိုင်ငံ့အရေးအောင်မြင်နိုင်မည်ဖြစ်၍ လူတိုင်းကျန်းမာစေရန် အင်အားရှိပြီး စွမ်းဆောင်နိုင်ရန် အရေးကြီးလှပေသည်။

သို့ဖြစ်၍ လူကြီး၊ လူငယ်၊ အမျိုးသား၊ အမျိုးသမီး မရွေး ကျန်းမာရေး အထူးဦးစားပေးသည့် အနေဖြင့် “စောစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက်ကြပါစို့”ဟု နှိုးဆော်တိုက်တွန်းအပ်ပါသည်။

သန္တာဝင်း(ချမ်းမြသာစည်)

# ရေဝတီမြစ်ကမ်းနားတစ်လျှောက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှု အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**မင်းဘူး ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ ထောက်ရှာပင်ရေနံကုန်တင်ကုန်ချ ဆိပ်ကမ်း၌ ဧရာဝတီမြစ်ကမ်းနားတစ်လျှောက် ပလတ်စတစ်နှင့် အခြားအမှိုက်များ စွန့်ပစ်ခြင်းကင်းဝေးစေရန်နှင့် အဏ္ဏဝါအမှိုက်သရိုက် ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေး ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှု အသိပညာပေးလုပ်ငန်းဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၃၀ရက် နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ဧရာဝတီမြစ်ကမ်းနားတစ်လျှောက် ဆိပ်ကမ်းနယ်များတွင် ဆိုက်ကပ်ထားသော ရေယာဉ်များ၊ ဆိပ်ကမ်းနယ်အနီးဝန်းကျင်ရှိ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများ၊ ဆိပ်ကမ်းအနီးတစ်ဝိုက်တွင် နေထိုင်သူများကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေးနှင့် စွန့်ပစ်အမှိုက်များအား မြစ်၊ ချောင်းများအတွင်း စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရေးအတွက် မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မင်းဘူးမြို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ထောက်ရှာပင်ရှိ MOGE ဆိပ်ကမ်း၌ MOGE ဌာနပိုင် ရေယာဉ်များပေါ်တွင် အသိပညာပေး ဗီနိုင်းပိုစတာများ ကပ်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ဧရာဝတီမြစ် သာယာလှပစေရန်အတွက် လူစည်ကားရာနေရာများတွင် အမှိုက်ပုံးများထားရှိခြင်း၊ စားသောက်ဆိုင်များ၊ ကုန်စုံဆိုင်များသို့ အသိပညာပေး ပိုစတာများ ကပ်ခြင်း၊ ပလတ်စတစ်ညစ်ညမ်းမှု လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် စုပေါင်းအမှိုက်ကောက်ခြင်းများ ဆောင်ရွက်ကာ လစဉ်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ပြောသည်။ **(၅၀၄)**

# လူထုအခြေပြု ဗဟိုဌာနတွင် စာဖတ်ဝိုင်းကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာန၌ စာရေးဆရာကောင်းပြည့်သော် ရေးသားသည့် ဘုရင်ဖြစ်မယ့်လက်ညှိုးစာအုပ် စာဖတ်ဝိုင်းကျင်းပခဲ့သည်။

စာဖတ်ဝိုင်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးကဘုရင်ဖြစ်မယ့် လက်ညှိုးစာအုပ်သည် လူငယ်တွေအနေနဲ့ စနစ်တကျ စဉ်းစားတွေးခေါ်မှုဖြင့် စနစ်တကျ ကြိုးစားအားထုတ်မည်ဆိုပါက နယ်ပယ်တစ်ခုခု၌ ဘုရင်၊ ဘုရင်မ တစ်ပါးဖြစ်ကြောင်း ရေးသားထားသောစာအုပ်တစ်အုပ်ဖြစ်ကြောင်းနှင့် ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ ဦးကျော်သန်း၊ မောင်ခိုင်ကျော်(ကျောက်ဆည်)က စာအုပ်တွင်ပါရှိသည့် မိုးကြိုးပစ်သံကြားရင် ဘယ်လိုနေပါသလဲ၊ ကိုယ့်ကိုယ်ကိုယ် အခွင့်အရေးအဖြစ်အသုံးချပါ၊ ဆုံးဖြတ်ချက်က အဓိကကျတယ်၊ စံတန်ဖိုးနဲ့ လေးစားထိုက်မှု စသည့်အကြောင်းများကို ဆွေးနွေးခဲ့သည်။

ထို့နောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ရသစာအုပ်များနှင့် အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၅)**






# (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ကွန်ဟိန်း ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ (ဝမ်ပန်) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာကြည့်တိုက် လက်ထောက်-(၃) ဒေါ်သဲမာမှ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း လွတ်လပ်ရေးဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ ရရှိပြီးလွတ်လပ်ရေးရေရှည်တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းတတ်စေရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန် ကျောင်းစာများအပြင်၊ ပြင်ပဗဟုသုတများရရှိစေရန်၊ စာအုပ်၊ စာပေများ လေ့လာဖတ်ရှုခြင်းကြောင့် အသိပညာဗဟုသုတများ ရရှိစေရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့ပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ **(ယာပုံ)**

ထို့နောက် စာအုပ်၊ စာစောင်ပြပွဲနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်များကို ပြသရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## နေရစ်တော့ နှစ်ဟောင်း

* မင်္ဂလာပါ
အစဉ်အလာရှိစွာနဲ့
"ဆို့ ဒီဇင်ဘာ"လို့ပဲ
အများနည်းတူ
စိတ်ရင်းဖြူစွာ
နှုတ်ဆက်ပါတယ် ဒီဇင်ဘာ ။

* ဒုက္ခ သုက္ခတွေနဲ့
သောက ပရိဒေဝတွေအားလုံး
ချုပ်ဆုံးပျောက်ကွယ်သွားတော့မယ့်
"နှစ်ထောင့်နှစ်ဆယ့်ငါး"
ရက်များ မကြာခင်
ပျက်ယွင်းသွားတော့မှာ ဖြစ်ပါတယ် ။

* အောင် နိမိတ်
အောင် အတိတ်နဲ့
အောင် ဘိသိက်သွန်းမြှောက်ခဲ့တဲ့
"နှစ်ထောင့်နှစ်ဆယ့်ခြောက်"
တောက်ပလာတော့မည့် နှစ်သစ်
ဝမ်းမြောက်စွာ ကြိုဆိုရစ်ကြပါစို့ ။

* ဩော်...
နှစ်အိုပြုန်း၍
ပင်လုံးရွက်ကျင် ကြွေခဲ့ပြီ ။

* နှစ်သစ်ဆန်း၍
ပင်နန်းမြရောင် ဝေတော့မည် ။ ။

**မောင်ဆွေသစ်(မန္တလေး)**





## သက်တော်ရှည် ရာကျော်ဓမ္မိကာရုံ ဆရာတော်ကြီး ပျံလွန်တော်မူ

**မုံရွာ ဇန်နဝါရီ ၁**

မုံရွာမြို့၊ ဆူးလေကုန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ နာရီစင်အရှေ့ဘက်ရှိ ဓမ္မိကာရုံကျောင်းတိုက် ပဓာနနာယက သက်တော်ရှည် ရာကျော်ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မိက(သက်တော် ၁၀၁နှစ်) သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက် နံနက် ၆ နာရီဝန်းကျင်က ဘဝနတ်ထံပျံလွန်တော်မူကြောင်း သိရသည်။

ရာကျော်ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မိက၏ သက်တော် ၁၀၀ ပြည့်မွေးနေ့ပူဇာပွဲကို ၂၀၂၅ ခုနှစ်၊ မတ် ၅ရက် နံနက်ပိုင်းက ကျင်းပခဲ့ပြီး မွေးနေ့ပူဇာပွဲ အထိမ်းအမှတ်စာအုပ်ကို အောင်တော်မူဆရာတော်က စုစည်းပူဇော်ထားသည်။ ပင့်သံဃာ အပါး ၁၀၀ ကို ဆွမ်းဟင်းဝတ္ထုပစ္စည်းများလှူဒါန်းခဲ့ပြီး ပြီးခဲ့သည့် ဒီဇင်ဘာ ၁ ရက်က ပျံလွန်တော်မူခဲ့သည့် သက်တော် ၁၀၀ ကျော်သာစံဆရာတော်ကြီးလည်း ကြွရောက်ချီးမြှင့်တော်မူခဲ့သည်။

ရာကျော်ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မိကကို မုံရွာမြို့နယ်၊ ဇလုပ်ကျေးရွာအုပ်စု၊ ကံမကျေးရွာတွင် ကောဇာသက္ကရာဇ် ၁၂၈၆ ခု၊ တပေါင်းလဆန်း၇ရက်၊ စနေနေ့တွင် ခမည်းတော်ဦးလူစံ၊ မယ်တော် ဒေါ်စံမေတို့က မွေးဖွားသန့်စင်တော်မူသည်။ ငယ်နာမည်မှာ မောင်ထွန်းရှိန်ဖြစ်ပြီး မွေးချင်း ၆ ယောက်တွင် ငါးယောက်မြောက်သားရတနာ ဖြစ်သည်။

တရားတော်နှင့် ယှဉ်၊ တရားတော်တွင်မွေ့လျော်မည့် အတိတ်ကိုယူပြီး အသက် ၁၁နှစ်အရွယ် ရှင်သာမဏေပြုရာတွင် ရှင်ဓမ္မိကဘွဲ့တော်တွင်စေသည်။ ကံမရွာမှ ရှင်သာမဏေ လေးဝါအရတွင် မုံရွာမြို့ အရှေ့လယ်တီကျောင်းကိုပြောင်းရွှေ့ပြီး အခြေခံသဒ္ဒါ၊ သင်္ဂြိုဟ် စသည့် ကျမ်းဂန်များကို လေ့လာသင်ယူခဲ့သည်။

အရှေ့လယ်တီတွင် ငါးဝါ၊ သပြေပင်တောရတွင် သုံးဝါ၊ အရှေ့လယ်တီတွင် တစ်ဝါသီတင်းသုံးအပြီး မန္တလေးတောင် သမန်ကျောင်းတွင် နှစ်ဝါ၊ စစ်ကိုင်းတောင်၊ ဒီပါဇမြေချောင်ပဋ္ဌာန်းသိပ္ပံဆရာတော်ထံတွင် နှစ်ဝါ လေ့လာသင်ယူတော်မူပြီး မုံရွာ သပြေပင်တောရကျောင်းပြန်ပြီး ပဋ္ဌာန်းကျမ်းတော်ကြီးကို သုဒ္ဓသဇ္ဈာနည်းဖြင့် စာသင်သံဃာများကို ငါးခေါက် ပို့ချတော်မူခဲ့သည်။

သက်တော် ၄၇နှစ်၊ ဝါတော် ၂၇ဝါတွင် စမ်းမြရောင်ခြည်ဆရာတော်ကြီးအပ်နှင်းချက်အရ ဆူးလေကုန်းရပ်၊ ဗိုလ်ချုပ်လမ်းမှ ယွန်းတောင်ကျောင်းကို လက်ခံတော်မူပြီး ဘွဲ့တော် ဓမ္မိကနှင့် အာရာမတို့ကိုပေါင်းပြီး ဓမ္မိကာရုံ အမည်မှည့်ခေါ်ခဲ့ခြင်း ဖြစ်သည်။

(အပေါ်ဝဲပုံ) (၃၉၄)

## သံဃာတော် အပါး ၃၀၀၀ တို့အား သပိတ်၊ ထီး၊ သင်္ကန်း လောင်းလှူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံဘုရားဝင်းအတွင်း ဝေဇယန္တာဓမ္မဗိမာန်တော်ကြီးအတွင်း၌ ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီ၌ သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တပညာဇောတမထေရ် နှစ်သစ်ဦး တရားတော်နှင့် ဇန်နဝါရီ ၁ ရက် နံနက် ၄ နာရီ၌ သံဃာတော်မြတ်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအား နှစ်ဦးကုသိုလ်ဆွမ်း၊ သပိတ်၊ ထီး၊ သင်္ကန်း၊ ဖိနပ်၊ ဆေးဝါးများနှင့် သံဃာ့အသုံးအဆောင်များ လောင်းလှူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ရွှေစည်းခုံဘုရားကြီးဂေါပကအဖွဲ့ရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက နှစ်ဦးတရားတော်နှင့် သံဃာတော်များ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများက လောင်းလှူနိုင်ရေး အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မ,တည် အလှူရှင်များ ဆွမ်းဆန်စိမ်းလောင်းလှူမည့် အခြေအနေတို့အား ရှင်းလင်းတင်ပြကြကာ ဆွမ်းဆန်စိမ်းလောင်းလှူမည့် ရွှေစည်းခုံဘုရားတောင်ဘက်စောင်းတန်းအား ကြည့်ရှုသတ်မှတ်ကြသည်။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံဘုရားကြီးဝင်း ဝေဇယန္တာဓမ္မဗိမာန်တော်ကြီးအတွင်း၌ ရာသက်ပန်ကုမ္ပဏီ၊ Authentic Company၊Mother Company ၊ မန္တလာမင်း Express နှင့် မ,တည် အလှူရှင်များက ထမင်းစတုဒိသာ ခုနစ်ရက်ကျွေးပြီး နှစ်သစ်ဦးတရားတော်ကို သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာဆရာတော်ကြီး ဘဒ္ဒန္တပညာဇောတက မေတ္တာဗုဒ္ဓ ၁၄ ပါး တရားတော်အား ဟောကြားတော်မူမည်ဖြစ်သည်။

ဇန်ဝါရီ ၁ ရက် နံနက် ၄ နာရီခွဲတွင် ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ပင့်သံဃာ ၂၇၉၆ ပါးတို့က ဘုရားရင်ပြင်တော်ပေါ်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ကြမည်ဖြစ်ပြီး သံဃာတော် ၂၇၉၆ ပါးနှင့် သီလရှင်ဆရာကြီး၊ ဆရာလေး ၃၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၄၈၁)



## ဆုံဆည်းရာ အရက်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း (၂၀၈)ကြိမ်မြောက် ဆွမ်းလောင်းလှူ

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ လမ်း၆၀နှင့် ၂၈ Bလမ်းထောင့်ရှိ ဆုံဆည်းရာအရက်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၂၀၈)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက် ၅နာရီခွဲက အဆိုပါအသင်းရုံးရှေ့တွင်ကျင်းပရာ လေးပြင်၊ လေးရပ်မှ ဆွမ်းခံကြွရောက်တော်မူကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက အရက်ဆွမ်းကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် အသီးသီး ဆက်ကပ်လောင်းလှူခဲ့ကြသည်။

(၂၀၈)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသော ဖခင်ကြီး ဦးကိုးအောင် + မိခင်ကြီးဒေါ်ဝင်းဝင်းမြင့်တို့အားရည်စူး၍ မသီတာအောင်နှင့် သားတပည့်များ မိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင်) မိသားစု၊ ဒေါ်မမ(ပတ္တမြားသုခ) မိသားစု၊ အောင်မြန်မာလျှပ်စစ် မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း) မိသားစု၊ ရှမ်းဌာနေ(စားသောက်ဆိုင်)မိသားစု၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်ကဖေး) မိသားစု၊ ကိုခင်မောင်ရီနှင့် ဇနီးမိသားစု၊ ဒေါ်အုန်းအုန်းသွယ်အားရည်စူး၍ မအေးအေးခိုင်မိသားစု၊ ကိုမျိုးဝင်းကျော်+မဖြိုးဖြိုးသိန်း မိသားစု၊ ဦးမြင့်နိုင်+ဒေါ်တူးတူး ၁၉လမ်း မိသားစု၊ ကိုငယ်လေး ကားဝပ်ရှော့မိသားစု၊ ဒေါ်ငွေငွေအောင်(ဟင်းဆေးဆိုင်)မိသားစုတို့က မ,တည်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအသင်းကြီးသို့ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၇၆၅၁၈၄၇၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၁)



## မြစေတီကျောင်းဆရာတော်အား သိက္ခာကံထပ်နှင့် အကြိမ်(၁၀၀)ပြည့် ဝိပဿနာတရားစခန်းအောင်ပွဲ ကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၁**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်ရှိ မြစေတီဘုန်းတော်ကြီးကျောင်းတိုက် တိုက်တည်(၁၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျောင်းတိုက်ဦးစီးပဓာန နာယက ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တသောဘနအား ကံမြင့်၊ ကံဆင့် သိက္ခာကံထပ်နှင့် ကျောင်းတိုက်တွင် ကျင်းပပြုလုပ်လျက်ရှိသည့် မိုးကုတ်ဝိပဿနာတရားစခန်း အကြိမ်(၁၀၀)ပြည့်အောင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ နံနက် ၉နာရီခွဲတွင် မြစေတီကျောင်းတိုက်အတွင်းရှိ မြသီမာသိမ်တော်တွင် ကြွရောက်တော်မူလာသည့် ဆရာတော်ကြီးများက ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တသောဘနအား ကံမြင့်၊ ကံဆင့် သိက္ခာကံထပ်မင်္ဂလာကို ဆင်ယင်ကျင်းပတော်မူကာ တက်ရောက်လာသည့် အလှူရှင်များက ကြွရောက်တော်မူလာသည့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုအစုစုဖြင့် သိမ်ဆင်းလောင်းလှူခဲ့ကြကာ အလှူရှင်များက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မွန်းလွဲ ၁နာရီခွဲတွင် မြစေတီကျောင်းတိုက်အတွင်းရှိ မြသာလာနှစ်ထပ်ကျောင်းဆောင်၌ မိုးကုတ်ဝိပဿနာတရားစခန်းအကြိမ် (၁၀၀)ပြည့်အောင်ပွဲကို ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယကချုပ်၊ ပရိယတ္တိသာသနဟိတ စေတိယင်္ဂဏ ဓမ္မာစရိယ ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသည့် ဆရာတော်များနှင့် တက်ရောက်လာသည့် အလှူရှင်များက 'နမောတဿ' သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကာ အလှူရှင်များက ဆရာတော်ထံမှ ရှစ်ပါးသီလကို ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တက်ရောက်လာသူများက ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကာ လှူဖွယ်ဝတ္ထုအစုစုဖြင့် ဆရာတော်များအားကပ်လှူကြပြီး ဆရာတော်ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက 'နိဗ္ဗာန်ရောက်ကြောင်း' တရားတော်များအား ဟောကြားတော်မူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအနှံ့မှ ဆရာတော်ကြီးများနှင့် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်ကြီး အပါး ၁၀၀ ကြွရောက်တော်မူပြီး မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်နေ ဦးလှမြင့်အောင် ဒေါ်အမာစိန်(ဝင်း နှစ်ပြန်ကျော်လက်ဖက်ရည်နှင့် ရွှေငါးမောင်မောင် ပင်လယ်စာရောင်းဝယ်ရေး မိသားစု)နှင့် အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၄)



## ကြော်ငြာစာ

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(မ-၂၃)၊ ဦးပိုင်အမှတ်(၄-စ+၅-က)၊ ၆၆လမ်း၊ ၁၀၁လမ်းနှင့် ၁၀၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဇနီးဖြစ်သူ ဒေါ်အေးလင်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၈၂၅/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ WU KYAR SHIN (ခ)လှဖေ(၁၃/လလန(ပြု)၀၀၀၀၁၂)က အမှုတွဲအမှတ်(၄၅၆၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၇)၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမောင် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းအား ယခုရောင်းချသူ ဒေါ်ထွန်းမြင့်(ဘ)ဦးထွန်းသောင်း(၁၀/မလမ(နိုင်)၀၄၁၄၇၂)မှ အရပ်ကတိစာချုပ်အဆင့်ဆင့်၊ နိုတြီအဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် တရားဝင်နေထိုင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိပါကြောင်း ဝန်ခံကတိပြု ပြောဆိုရောင်းချသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းဆိုင်ပွဲ(စ)ဒေါ်နိုင်စာထွန်း(LL.B)**

**ဒေါ်ချယ်ရီမိုမိုသိန်း(LL.B)　　ဒေါ်အေးနိုင်ညွန့် (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**အကွက်(၀-၁၀/၆၃)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၉)၊ ဦးပိုင်အမှတ်(၂၈-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဦးထိန်ဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ်အဆောက်အအုံ၏ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်စမ်းသီတာ(ဘ)ဦးသန်းရွှေ(၁၂/မရတ(နိုင်)၀၀၂၂၉၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း　　ဒေါ်စီစီစိန်　　ဒေါ်လှဲ့လှဲ့နွယ်　　ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၁၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၂)၊ ဦးပိုင်အမှတ်(၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်နှင်းနှင်း၊ ဒေါ်တင်တင်ထွေး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားသူဖြစ်သော ဦးစိုင်းဟိန်းဇံမြင့်(ဘ)ဦးလှမြင့်(၁၀/ကထန(နိုင်)၀၇၂၅၇၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း　　ဒေါ်စီစီစိန်　　ဒေါ်လှဲ့လှဲ့နွယ်　　ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၁၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၁)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်တင်မြင့် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ကြူကြူမာ(ဘ)ဦးကျော်ပိုင်(၉/နထက(နိုင်)၁၆၉၀၄၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း　　ဒေါ်စီစီစိန်　　ဒေါ်လှဲ့လှဲ့နွယ်　　ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၁၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁)၊ ဦးပိုင်နံပါတ်(၄၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးစိုးသန်း အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်မျိုးမြင့်(ဘ)ဦးသောင်းစိန်(၉/ခမစ(နိုင်)၀၂၁၅၄၆)၄င်း၏ကိုယ်စား ဒေါ်မိုးမိုးဆန်း(ဘ)ဦးလှသန်း(၅/အရတ(နိုင်)၁၂၇၇၁၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-　　ဦးတင်အောင်မိုး (LL.B, LL.M)　　ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ　　တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)　　ဒေါ်အေးနန္ဒာထွန်း (LL.B)　　ဒေါ်မာလာစိုး (LL.B)　　ဒေါ်ဖူးသန့်မွန်(LL.B)**

**တရားလွှတ်တော်ရှေ့နေ　　တရားလွှတ်တော်ရှေ့နေ　　အထက်တန်းရှေ့နေ　　အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၃)၊ ဦးပိုင်နံပါတ်(၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဒေါ်သန်းမြင့်အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြတ်မွန်ကျော်(ဘ)ဦးအောင်ဝင်း(၉/ခမစ(နိုင်)၀၃၇၅၃၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-　　ဦးတင်အောင်မိုး (LL.B, LL.M)　　ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ　　တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)　　ဦးကြည်ယံ (LL.M)　　ဦးစည်သူအောင် (LL.B)　　ဒေါ်သဲမိုမိုထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ　　အထက်တန်းရှေ့နေ　　အထက်တန်းရှေ့နေ　　အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊အကွက်အမှတ်(စစ-၁၀)၊ ဦးပိုင်နံပါတ်(၇၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တသ ခင်မောင်စီ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်ဝင်း(ဘ)ဦးသန်းမောင်(၈/မမန(နိုင်)၀၃၂၆၂၉၊MYG-၀၁၄၃၁၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-　　ဦးတင်အောင်မိုး (LL.B, LL.M)　　ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ　　တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)　　ဒေါ်အေးနန္ဒာထွန်း (LL.B)　　ဒေါ်မာလာစိုး (LL.B)　　ဒေါ်ဖူးသန့်မွန်(LL.B)**

**တရားလွှတ်တော်ရှေ့နေ　　တရားလွှတ်တော်ရှေ့နေ　　အထက်တန်းရှေ့နေ　　အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊အကွက်အမှတ်(က-၁)၊ ဦးပိုင်နံပါတ်(၁၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဒေါ်ချစ်မိ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပူးတွဲဝယ်ယူခဲ့သူများဖြစ်ကြသည့် (ဖခင်)ဦးရွှေတင်နှင့် (မိခင်)ဒေါ်ကြင်ကြင်တို့ အသီးသီး ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ(သား)ဦးအောင်ကျော်ဟိန်း(ဘ)ဦးရွှေတင်(၉/ခမစ(နိုင်)၀၁၉၀၃၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ-　　ဦးတင်အောင်မိုး (LL.B, LL.M)　　ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ　　တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)　　ဒေါ်အေးနန္ဒာထွန်း (LL.B)　　ဒေါ်မာလာစိုး (LL.B)　　ဒေါ်ဖူးသန့်မွန်(LL.B)**

**တရားလွှတ်တော်ရှေ့နေ　　တရားလွှတ်တော်ရှေ့နေ　　အထက်တန်းရှေ့နေ　　အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## တိုင်းရင်းသူ၊ တိုင်းရင်းသားများ စောင်ခြုံထွေးလို့နွေးပါစေ

ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) သက်တော်(၈၇)နှစ်ပြည့် အထိမ်းအမှတ်(၈)နှစ်မြောက် သတ္တမအကြိမ်အဖြစ် တောင်တန်းဒေသ၏ တိုင်းရင်းသူ၊ တိုင်းရင်းသားများအတွက် အအေးဒဏ်ကာကွယ်ရန် စောင်အထည်ပေါင်း (၂၀၀၀၀)နှစ်သောင်းအား အလှူခံ၍ လှူဒါန်းပါသည်။ စောင်တစ်ထည်လျှင် ငွေကျပ် (၉၀၀၀)နှုန်းဖြင့် အောက်ပါလိပ်စာသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)၊ ဦးလှဝင်း(ဥက္ကဋ္ဌ) ဗုဒ္ဓဘာသာသာသနာ ပြန့်ပွားရေးအသင်းချုပ် တောင်စလင်းတိုက်သစ် ဘာဝနာဌာန ၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ဖုန်း ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၆၆၀၈၅၀၃၉၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၄/၂)၊ ဦးပိုင်အမှတ်(၃၀၈-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဦးကျော် အမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေ ထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးငြိမ်းချမ်းအောင်(ဘ)ဦးအောင်တင့်လွင် (၉/ခအဇ(နိုင်)၀၁၁၄၃၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြင့်သူ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ စတီးဝင်းရပ်၊ အကွက်(၂၉၉)ရပ်နေ ဦးဆန်းဝင်း (ဘ)ဦးချစ်စိန်(၉/မနတ(နိုင်)၁၀၅၅၄၀)၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စပ္ပန်းရပ်၊ အကွက်(၂၇၀)နေ ဒေါ်ဖြူသန့်ဇင်(ဘ)ဦးဘမောင်(၉/မနတ(နိုင်)၁၀၅၀၂၄)၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (ဆ)ရပ်ကွက်နေ ဒေါ်သိမ့်ဇင်ဝင်းထက်(ဘ)ဦးကိုကို(၉/ခမစ(နိုင်) ၀၃၈၁၁၇)ကိုင်ဆောင်သူများ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၇၀)၊ ဦးပိုင်အမှတ်(၁၃၆)၊ ဧရိယာ(၀ ဒသမ ၀၂၁၅)ဧက အကျယ်အဝန်းအဝန်းရှိ (၁)ဒေါ်ကြည်ဝင်း၊ (၂)ဒေါ်ဌေးသိန်း၊ (၃)ဒေါ်ဌေးဌေးတို့ (၃)ဦးအမည်ပေါက် ဘိုးဘပိုင်မြေကွက်ဖြစ်ပါသည်။ ဒေါ်ကြည်ဝင်း(ခ)ဒေါ်သန်းသန်းမြင့်သည် (၁)ဒေါ်သိမ့်ဇင်ဝင်းထက်၊ (၂)ဦးဆန်းဝင်း၊ (၃)ဒေါ်ဖြူသန့်ဇင်နှင့် (၄)ဦးအောင်မင်းခန့်တို့ (၄)ဦးကို (၁၈-၇-၂၀၂၃)ရက်တွင် အမွေစားအမွေခံ ကိတ္တိမသား၊ သမီးအဖြစ် မွေးစားခြင်းစာချုပ်မှတ်ပုံတင်အမှတ် (၂၃၉၄/၂၀၂၃)ဖြင့် တရားဝင်မွေးစားခြင်းဖြစ်ပါသည်။ ထိုသို့ သား၊ သမီးအဖြစ် မွေးစားပြီးနောက် ဒေါ်ကြည်ဝင်း(ခ)ဒေါ်သန်းသန်းမြင့်သည် အိမ်ထောင်မရှိ အပျိုကြီးဘဝဖြင့် (၃၀-၉-၂၀၂၅)ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ၎င်းကွယ်လွန်ပြီးနောက် ကျန်ရစ်သူ အမွေစားအမွေခံကိတ္တိမသား၊ သမီးများဖြစ်ကြသော (၁)ဒေါ်သိမ့်ဇင်ဝင်းထက်၊ (၂)ဦးဆန်းဝင်း၊ (၃)ဒေါ်ဖြူသန့်ဇင်နှင့် (၄)ဦးအောင်မင်းခန့် တို့ (၄)ဦးမှ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁)ဒေါ်သိမ့်ဇင်ဝင်းထက်၊ (၂)ဦးဆန်းဝင်း၊ (၃)ဒေါ်ဖြူသန့်ဇင်တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ အဆောက်အအုံတိုးချဲ့ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ မြေပုံ၊ မြေရာဇဝင်ရေးကူးခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်း၊ အမွေဆက်ခံစာချုပ်ပြုလုပ်ခြင်း အခြားတစ်နည်းလွှဲပြောင်းခြင်းစသည့် အခြားနည်းတစ်စုံတစ်ရာဆောင်ရွက်ခြင်းများမပြုလုပ်ရန်နှင့် ပြုမူဆောင်ရွက်လာပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူများ**
**၁။ ဦးဆန်းဝင်း**
**၂။ ဒေါ်ဖြူသန့်ဇင်**
**၃။ ဒေါ်သိမ့်ဇင်ဝင်းထက်**

**လွှဲအပ်ချက်အရ–**
**ဦးဟိန်းသူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၁၉)**
**အိမ်အမှတ်(၁၈)၊ ၇၂လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၉၄၅၆၅၄၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၄)၊ ဦးပိုင်နံပါတ်(၁၀၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးခင်မောင်ရင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အလယ်ပိုင်း(၁၅×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ခင်သက်နွယ်(ဘ)ဦးစိုးအောင်(၉/မနမ(နိုင်)၁၁၁၆၄၈)နှင့် ဦးပြည်သိမ်းနိုင်(ဘ)ဦးကျော်သူ(၉/ခမစ(နိုင်)၀၅၀၉၀၂)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး(LL.B,LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန်(LL.B,LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## မန္တလေးတက္ကသိုလ် ကျွမ်းကျင်မှုအတတ်ပညာ(Job-Ready Skills)သင်တန်း လျှောက်လွှာခေါ်ယူခြင်း

မန္တလေးတက္ကသိုလ်တွင် ဖွင့်လှစ်မည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုဖူးသူ(သို့မဟုတ်)အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်ခြင်းအောင်လက်မှတ်ရရှိပြီးသူများအတွက် ကျွမ်းကျင်မှုအတတ်ပညာသင်တန်းများ အပတ်စဉ်(၁)ကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်-

၁။ သင်တန်းအမည် - (၁)အိမ်သုံးပစ္စည်းနှင့် ဒိန်ချဉ်ထုတ်လုပ်ခြင်းသင်တန်း၊ (၂) ဝိုင်ထုတ်လုပ်ခြင်းနည်းပညာသင်တန်း၊ (၃)လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာသင်တန်း၊ (၄)အလုပ်တစ်ခုအတွက် ခန့်မှန်းကုန်ကျစရိတ်နှင့် အမြတ်တွက်ချက်နည်းသင်တန်း၊ (၅)လုပ်ငန်းခွင်သုံး ကွန်ပျူတာကျွမ်းကျင်မှုအခြေခံသင်တန်း

၂။ အရည်အချင်း သတ်မှတ်ချက် - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုဖူးသူ(သို့မဟုတ်)အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်ခြင်း အောင်လက်မှတ်ရရှိပြီးသူ
- အသက်ကန့်သတ်ချက်မရှိပါ။

၃။ သင်ကြားမည့်နေရာ- မန္တလေးတက္ကသိုလ်

၄။ သင်ကြားပို့ချမည့် အချိန် - သင်တန်းအမည်(၁)၊ နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက်(၇:၀၀)နာရီမှ (၉:၀၀)နာရီထိ၊ ဓာတုဗေဒဌာန
- သင်တန်းအမည်(၂)၊ တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့၊ နံနက် (၇:၀၀)နာရီမှ (၉:၀၀)နာရီထိ၊ ရုက္ခဗေဒဌာန
- သင်တန်းအမည်(၃)၊ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့၊ နံနက်(၈:၀၀)နာရီမှ (၁၂:၀၀)နာရီထိ၊ အင်္ဂလိပ်စာဌာန
- သင်တန်းအမည်(၄)၊ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့၊ နံနက်(၈:၀၀)နာရီမှ (၁၀:၀၀)နာရီထိ၊ သင်္ချာဌာန
- သင်တန်းအမည်(၅)၊ နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက်(၇:၀၀)နာရီမှ (၉:၀၀)နာရီထိ၊ ကွန်ပျူတာသိပ္ပံပညာဌာန

၅။ သင်တန်းကာလ - သင်တန်းတစ်ခုလျှင် (၃)လ

၆။ သင်တန်းသားဦးရေ- သင်တန်းတစ်ခုလျှင်(၄၀)ဦး

၇။ သင်တန်းကြေး - သင်တန်းတစ်ခုလျှင် ကိုးသောင်းကျပ်တိတိ(၉၀၀၀၀/-)ကျပ်

၈။ ပေးအပ်မည့် - သင်တန်းအမည်(၁) Certificate of Production of Food and Household Products ၊ (၂) Certificate of Wine Making လက်မှတ်Process ၊ (၃) Certificate of English for Workplace ၊ (၄)Certificate of Cal culating of Estimated Cost and Profit a Job ၊ (၅)Certificate of Basic Computer Skills and Office Essentials

၉။ ဝင်ခွင့်လျှောက်လွှာစတင်ထုတ်ပေးမည့်ရက် - ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်၊

၁၀။ သင်တန်းစတင်ဖွင့်လှစ်မည့်ရက် - ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၅)ရက်

၁၁။ အဆိုပါသင်တန်းများကို မန္တလေးတက္ကသိုလ်၏ Website: www.mu.edu.mm တွင် ဝင်ရောက်ကြည့်ရှု၍ လျှောက်လွှာရယူပြီး email:office@mu.edu.mm သို့လည်း ပေးပို့လျှောက်ထားနိုင်ပါသည်။

၁၂။ စုံစမ်းရန်နေရာ- သင်တန်းရေးရာဌာန၊ မန္တလေးတက္ကသိုလ်၊ ဖုန်းနံပါတ်များ ၀၉-၄၃၁၀၃၀၀၂၊ ၀၉-၄၀၂၆၆၂၂၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**မန္တလေးတက္ကသိုလ်**

❖ ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေး ပိုမိုကောင်းမွန်ရမည်ဖြစ်...
❖ သို့မှသာဈေးကွက်အတွင်း ရောင်းအားများ ပိုမိုတိုးတက်လာမည်ဖြစ်...
❖ အရေအတွက်များများ ရောင်းချထုတ်လုပ်နိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar : Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အများပြည်သူသို့ အသိပေးကြေညာချက်

နေပြည်တော် ဇန်နဝါရီ ၁

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးနှင့် ယခုကျင်းပလျက်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ယခုရွေးကောက်ပွဲကာလတွင် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ပျက်စီး/ပျောက်ဆုံးသူ မဲဆန္ဒရှင်ပြည်သူများ မဲပေးပိုင်ခွင့်အခွင့်အရေး မဆုံးရှုံးစေရေးအတွက် မြို့နယ်အသီးသီးရှိ လဝကရုံးများအား အထူးကိစ္စတစ်ရပ်အနေဖြင့် ရုံးပိတ်ရက်မရှိ ရုံးဖွင့်လှစ်၍ ပျက်စီး/ပျောက်ဆုံးသည့် နိုင်ငံသားကတ်ပြားများအား ဥပဒေနှင့်အညီ အမြန်ဆုံး စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် နိုင်ငံသားကတ်ပြား ပျက်စီး/ပျောက်ဆုံးသူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

သို့ရာတွင် ပြည်သူများအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားကတ်ပြားများ ပျက်စီး/ ပျောက်ဆုံးမှုမရှိဘဲ ပျက်စီး/ပျောက်ဆုံးမှုကို အကြောင်းပြကာ ထပ်မံတင်ပြတောင်းခံ၍ နိုင်ငံသားကတ်ပြားတစ်ခုထက် ပိုမိုကိုင်ဆောင်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန



## ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့်မဟာရွှေသိမ်တော် တန်ခိုးကြီးဘုရားတွင် ၂၀၂၆ ခုနှစ် နှစ်ဦးတစ်ရက်နေ့၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

ကျောက်ဆည် ဇန်နဝါရီ ၁

မန္တလေးဒေသကြီး ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့် မဟာရွှေသိမ်တော် တန်ခိုးကြီးဘုရားတွင် ၂၀၂၆ ခုနှစ် နှစ်ဦးတစ်ရက်နေ့၌ ရပ်နီး/ရပ်ဝေးမှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရှိရသည်။

စာမျက်နှာ ၄ သို့ ❖




ကရင်ပြည်နယ် မြဝတီမြို့နယ် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။(၁-၁-၂၀၂၆)

## KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၄၉ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၁ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၀ သို့ ■

## အင်္ဂလိပ်ချန်ပီယံရှစ် ချန်ပီယံဆုအား ဆွတ်ခူးရန် ကိုဗင်ထရီအသင်း ရေပန်းစား

လန်ဒန် ဇန်နဝါရီ ၁

နည်းပြ ဖရန့်လမ်းပတ် ကိုင်တွယ်နေသည့် ကိုဗင်ထရီအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ် ချန်ပီယံဆုအား ဆွတ်ခူးရန် ရေပန်းစားလျက်ရှိသည်။

ကိုဗင်ထရီအသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ် ပွဲစဉ် (၂၅)ပွဲကစားအပြီးတွင် ရမှတ် ၅၂ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ပြီး အဆင့်(၂)နေရမှ အစ်ဆွစ်ချ်အသင်းအား ၈ မှတ်၊ အဆင့်(၃)နေရာမှ မစ်ဒယ်ဘရော့အသင်းကို ၉ မှတ်အထိ ဖြတ်ထားနိုင်ခဲ့သည်။

ကိုဗင်ထရီအသင်းသည် နည်းပြ ဖရန့်လမ်းပတ်လက်ထက်တွင် အသင်းလိုက် စုဖွဲ့မှု အားကောင်းကောင်းဖြင့် ရလဒ်ကောင်းများစွာ ရယူနိုင်ခဲ့သည်။

အသက်(၄၇)နှစ်အရွယ်ရှိ ဖရန့်လမ်းပတ်က "ရေပန်းစားနေသည့်အတိုင်း အင်္ဂလိပ်ချန်ပီယံရှစ် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ နောက်ထပ် လာမည့်ပွဲစဉ်တိုင်းကိုလည်း နိုင်ပွဲတွေ ရယူသွားမှာပါ။ ကျွန်တော်အနေနဲ့လည်း ဒီအသင်းနဲ့အတူ ဆုဖလားတွေ များစွာ ရယူသွားလိုပါတယ်"ဟု ပြောသည်။

(NGB)

